မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၅၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၆ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂါနာသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၆

၂၀၁၄ ခုနှစ် မတ် ၆ ရက်တွင်ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျွန်ဒရာမနီ မဟားမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အပြန်အလှန်အတွေ့အကြုံဖလှယ်ရေးဆွေးနွေး

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှာရင်းတော့ဂေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဘာသာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုအနုပညာနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အပြန်အလှန်အတွေ့အကြုံဖလှယ်ရေး၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းဆက်သွယ်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများအကြား အပြန်အလှန် လည်ပတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဒေါက်တာဖေသက်ခင်၊ ဒေါက်တာကံဇော်၊ ဦးငြေးအောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးရဲထွဋ်၊ ဘူတန်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးလှမြင့်ရွှေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့် ဘူတန်နိုင်ငံတို့သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က သံတမန်ဆက်ဆံမှုစတင်ခဲ့ပြီး ယခုခရီးစဉ်သည် ဘူတန်ဝန်ကြီးချုပ် တစ်ဦးအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှာရင်းတော့ဂေးအား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

တံတားအရှည် ၂၀၅၉ ဒသမ ၅၅ ပေ၊ အကျယ် ၄၅ ဒသမ ၅၉ ပေ ရှိ ရွှေဂုံတိုင်ခုံးကျော်တံတားကြီးကို တွေ့ရစဉ်။

ရွှေဂုံတိုင် ခုံးကျော်တံတားဖွင့်

ရန်ကုန် မတ် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် Capital Development Ltd. မှ ဆောက်လုပ်သည့် ရွှေဂုံတိုင်ခုံးကျော်တံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ Capital Development Ltd. မှ ဒါရိုက်တာ ဦးတင်မောင်ဝင်း၊ JFE Engineering Corporation မှ General Manager Mr.Mushimoto နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်သည့် ရွှေဂုံတိုင် ခုံးကျော်တံတားကြီးကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ပန္နက်ရိုက်ခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် တံတားတည်ဆောက်မှုလုပ်ငန်းများ ပြီးစီးခဲ့ကာ ပြည်သူများ သွားလာမှုလွယ်ကူလျင်မြန်စေရေးအတွက် ၂၀၁၃ ခုနှစ်

စာမျက်နှာ ၆ ကော်လံ ၁ ✳

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဘင်းမ်စတက်၏ရလဒ်ကောင်းများ

ဘင်္ဂလားပင်လယ်အော်ဒေသရှိ နိုင်ငံပေါင်း ခုနစ်နိုင်ငံပါဝင်သည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပပြီးလေပြီ။ ဤထိပ်သီးအစည်းအဝေးတွင် အိန္ဒိယ၊ ထိုင်း၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဘူတန်နှင့် နီပေါနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အဓိကအားဖြင့် သဘောတူညီချက်သုံးရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ဤသုံးရပ်သည်ကား ဘင်းမ်စတက်အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ တည်ထောင်နိုင်ရေး၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုလုပ်ငန်းများ ကော်မရှင်နှင့်ယဉ်ကျေးမှုလုပ်ငန်းများ လေ့လာရေးဌာနကို ဘူတန်နိုင်ငံ သင်ဘူးမြို့၌ တည်ထောင်နိုင်ရေး၊ မိုးလေဝသနှင့် ရာသီဥတုဗဟိုဌာနကို အိန္ဒိယနိုင်ငံ နိုင်အီဒါမြို့၌ တည်ထောင်နိုင်ရေးတို့ပင်ဖြစ်ပါသည်။

ဘင်းမ်စတက်အဖွဲ့ကြီး ထူထောင်ခဲ့သည်မှာ သက်တမ်းအားဖြင့် ၁၆ နှစ်ရှိပြီဖြစ်ရာ အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံးသည် မရှိမဖြစ်လိုအပ်နေပါသည်။ ဤအတွင်းရေးမှူးချုပ်ရုံးကို ထူထောင်ဖွင့်လှစ်လိုက်ခြင်းဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို မြန်ဆန်သွက်လက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။ ဘင်းမ်စတက်ဒေသတွင်း ပြည်သူအားလုံး၏ ရည်မှန်းချက်များဖြစ်သည့် ချမ်းသာကြွယ်ဝရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုနိုင်တော့မည် ဖြစ်ပါသည်။

အလားတူ ယဉ်ကျေးမှုလုပ်ငန်းများကော်မရှင်နှင့် ယဉ်ကျေးမှုလုပ်ငန်းများ လေ့လာရေးဌာနကို ထူထောင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ ဝေမျှပေးနိုင်တော့မည်ဖြစ်ပါသည်။ ဘင်းမ်စတက်ဒေသတွင်းပြည်သူများ တစ်နိုင်ငံနှင့် တစ်နိုင်ငံယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ပိုမိုလေ့လာနိုင်ကြမည်ဖြစ်ပါသည်။

တစ်ဖန် မိုးလေဝသနှင့်ရာသီဥတုဗဟိုဌာနကို ထူထောင်ဖွင့်လှစ်ခြင်းဖြင့် ဤဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သောမုန်တိုင်းများ၊ ဆူနာမီရေလှိုင်းများ၊ မိုးလေဝသ သတိပေးချက်များအပါအဝင် ရာသီဥတုနှင့် ဆက်စပ်သောလုပ်ငန်းများကို ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူလယ်သမားများ၊ ကမ်းရိုးတန်းနေ ပြည်သူများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် ဤထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခြင်းဖြင့် အခြားသောကဏ္ဍများဖြစ်သည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာတိုးတက်ရေး အစရှိသော ကဏ္ဍများတွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ကာ အကျိုးကျေးဇူးများ အပြန်အလှန်ဖြစ်ထွန်းရရှိလာတော့မည်ဖြစ်ပါသည်။ အထူးသဖြင့် အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ထိတွေ့ဆက်ဆံမှု အားကောင်းလာစေရန် ဖြည့်ဆည်းကူညီပေးရင်း အကျိုးရှိသောရလဒ်ကောင်းများ ရယူသွားနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Andrew Patrick သည် မတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ဂျပန်နိုင်ငံအစိုးရ၊ ဆက်သွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန Postal Services Policy Department မှ ညွှန်ကြားရေးမှူးချုပ် Mr. Kenichi IMAVAYASHI သည် မတ် ၄ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဗြိတိန်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အစိုးရ၊ ရခိုင်ပြည်နယ်အစိုးရ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစားအစာနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းရေး၊ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းဖြစ်ထွန်းလာရေး လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံကျေးလက်ဒေသများရှိ ငှက်ဖျား၊ တီဘီ၊ အသေးစားချေးငွေလုပ်ငန်းများအတွက် ဗြိတိန်နိုင်ငံမှ နှစ်စဉ်ထောက်ပံ့ပေးနေမှုများ၊ ရခိုင်ပြည်နယ်အတွင်း အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက် (Action Plan) နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံအစိုးရ၊ ဆက်သွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကြီးမှူး၍ Sunlife နှင့် Cepsa တို့က အဓိကကူညီပံ့ပိုးသော ၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပသည်။ ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲ၌ ၁၆ ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ၁၆ တွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ (Mixed Double) ပြိုင်ပွဲတွင် ရှစ်တွဲ၊ အမျိုးသား ၃၅ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ၁၆ ဦး၊ ၄၅ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှစ်တွဲ၊ ၅၅ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ ၆၀ နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦးနှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှစ်တွဲတို့က ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲကို နေ့စဉ် နံနက် ၉ နာရီတွင်ကျင်းပပြီး ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို မတ် ၅ ရက် ညနေပိုင်းတွင် ယင်းတင်းနစ်ကွင်း၌ ကျင်းပကြောင်း သိရသည်။

(မြန်မာ့အလင်း)

သိမ်ကိုးသိမ်ပူဇော်ပွဲ ကုသိုလ်ပါဝင်နိုင်

မိတ္ထီလာ မတ် ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်သိမ်ကြီးကိုးသိမ် မိတ္ထီလာမြို့နယ် ဆည်ကုန်းရွာမှ ပဲသီတာသိမ်၊ အိုမတွေ့ရွာမှ ကတ္တူကန်သိမ်၊ ဝက်ကျောက်ရွာမှ ဝက်ကျောက်သိမ်၊ ရှင်မြို့ရွာမှ ရှင်ပင်ကူသိမ်၊ မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်မှ ထီးသုံးဆင့်သိမ်၊ ညောင်ဇောက်ရွာမှ သားဖန်းသိမ်၊ ကျောင်းရွာမှ ကလိန်ခြေသိမ်၊ သာစည်မြို့နယ် ဘုးရုံရွာမှ ကူဖြူသိမ်၊ ကုန်းတောင်းရွာမှ ကုန်းတောင်သိမ်တို့၌ နှစ်စဉ်တပေါင်းလပြည့်နေ့တွင် သိမ်တော်မြတ်များတည်ရှိရာ ဒေသခံပြည်သူများ၊ အရပ်ရှစ်မျက်နှာမှ စေတနာရှင်ပြည်သူတို့က အသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲများကို တစ်နေ့တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပခဲ့ကြသည်။

၂၀၀၇ ခုနှစ် ကောဇာ ၁၃၆၈ ခုနှစ်မှစ၍ သိမ်ကြီးကိုးသိမ်တို့၌ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲများကို ပိုမိုပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် မိတ္ထီလာမြို့ရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများမှ ဖြစ်မြောက်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပြီး သံဃာတော်အရှင်သူမြတ်များ ဦးစီး၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများဖြင့် လှူဒါန်းခြင်း၊ တပေါင်းလပြည့်နေ့ (မတ် ၁၅ ရက်)တွင် မိတ္ထီလာမြို့မှ သိမ်ကိုးသိမ်လှည့်လည်ပူဇော်ရာ၌ ပြည်သူအပေါင်း လိုက်ပါပူဇော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းများကို အဌမအကြိမ်မြောက် ကျင်းပမည်ဖြစ်သည်။

စေတနာရှင် ပြည်သူအပေါင်းတို့က သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် လှူဒါန်းနိုင်ကြောင်း သိရသည်။

ကျော်ကျော်မြင့်(မိတ္ထီလာ)

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမောင်မြင့် ၁၄/ကလန(နိုင်) ၀၂၁၁၃၀နှင့် ဦးမြင့်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြင့်ဦး

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဖြိုးအောင်၏ ပတ်စ်ပို့ A-၃၉၇၅၀၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၃၄၅၆၇၁**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မင်းညွန့် ၁၂/ကမရ(နိုင်)၀၄၉၁၃၆ ၏ PP-၂၃၃၅၈၃မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ပထမထပ်ပိုင်ရှင်များ ကိုယ်တိုင်ဆက်သွယ်ရန်

သင်တန်းကျောင်းဖွင့်ရန် အခန်းကျယ် Ph,Aircon ပါရမည်။ ပုဇွန်တောင်၊ တာမွေ၊ မင်္ဂလာဈေးအနီး **ဖုန်း-၀၉-၅၀၁၇၀၄၃၊ ၀၉-၄၅၀၀၁၈၅၆၅**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄/၄၂၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝေ ၅/စကန(နိုင်) ၀၃၆၀၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိုးညှင်း)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေး၊ နိုင်ငံအလိုက် အတွေ့အကြုံများ ဖလှယ်ခြင်းဖြင့် အင်အားတောင့်တင်းပြီး စွမ်းရည်ရှိသော တပ်မတော်များအဖြစ် နိုင်ငံတော်ကို လုံခြုံစွာကာကွယ်စောင့်ရှောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့ပြင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးအောင်မင်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များဖြစ်ကြသည့် ဘရူနိုင်းနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj.Gen. Dato Seri Pahlawan Mohd Tawih Bin Abdullah၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Eth Sarath၊ အင်ဒိုနီးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Dr. Moeldoko၊ လာအိုနိုင်ငံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Brig.Gen. Khamlieng Outhakasone၊ မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tan Sri Dato' Sri(Dr.) Zulkifeli Bin Mohd Zin၊ ဖိလစ်ပိုင်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Emmanuel T Bautista၊ စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt.Gen. Ng Chee Meng၊ ထိုင်းနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tanasak Patimapragorn၊ ဗီယက်နမ်နိုင်ငံမှ Sr. Lt.Gen. Do Ba Ty တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ-ဘူတန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၅

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဘူတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှာရင်းတော့ဂေး ဦးဆောင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဘူတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှာရင်းတော့ဂေးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ အတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ဘူတန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမြင့်ရွှေနှင့် လွှတ်တော်ရုံးများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဘူတန်နိုင်ငံ ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှာရင်းတော့ဂေးတို့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြတ်မင်္ဂလာဟိုတယ်၌တွေ့ဆုံ၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (AFMM)နှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပမည် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအသိပေး

နေပြည်တော် မတ် ၅

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (18th ASEAN Finance Ministers' Meeting-AFMM)နှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.asean 2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 18th ASEAN Finance Ministers' Meeting (AFMM) ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မတ်လ ၂၅ ရက်နေ့ နောက်ဆုံးထား ဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို အစည်းအဝေးစတင်သည့် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံတကာဆက်ဆံရေးဌာန ဘဏ္ဍာရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၁၀၁၉၈ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၆ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

မလေးရှားနိုင်ငံ ဒေသအချို့၌ ရေကိုဝေစုဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

စင်ကာပူနိုင်ငံ၌ အဆိုးရွားဆုံး မိုးခေါင်မှုနှင့်ကြုံ

စင်ကာပူ မတ် ၅

ဖေဖော်ဝါရီလသည် စင်ကာပူကျွန်းနိုင်ငံ၏ ၁၈၆၉ ခုနှစ်နောက်ပိုင်း ပူပြင်းခြောက်သွေ့မှု အဆိုးရွားဆုံးလဖြစ်ကြောင်း စင်ကာပူအမျိုးသား ပတ်ဝန်းကျင် အေဂျင်စီက ပြောသည်။

အဆိုပါလအတွင်း အချို့သော ဒေသများမှာ မိုးရေချိန် ၀ ဒသမ ၂ မီလီမီတာထက်နည်းပြီး ရရှိခဲ့သည်ဟု ဆိုသည်။ မကြာသေးမီ သီတင်းပတ်များအတွင်း မိုးခေါင်မှု ဇရိယာသိသိသာသာ ကျယ်ပြန့်လာပြီး ကုန်ဈေးနှုန်းကြီးမည့် အခြေအနေနှင့် ရင်ဆိုင်နေကြရသည်။ စီးပွားရေးလည်း ကျဆင်းမည့်အနေအထားရှိသည်။

ဖေဖော်ဝါရီလအတွင်း ရေကို ဝေစုဖြင့် စတင် သုံးစွဲနေရပြီဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ ရီဂူးပြည်နယ်၌ တောမီးများ လောင်ကျွမ်းခဲ့ကြောင်း မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူမှ တာဝန်ရှိသူများက ပြောသည်။ ထိုအတောအတွင်း စင်ကာပူနိုင်ငံသည် ရေတင်သွင်းမှု ၆၀ ရာခိုင်နှုန်းမှာ မလေးရှားကို မှီခိုနေရသည်။ စင်ကာပူနိုင်ငံသည် ပေါင်းခံစစ်ရေနှင့် နည်းပညာအသုံးပြုပြန်လည်အသုံးချ ရေထုတ်လုပ်နိုင်မှုမှာ အိမ်နီးချင်းနိုင်ငံများထက် နည်းပါးသည်ဟု ဆိုသည်။

အဆိုပါ နည်းပညာအသုံးချ ရေထုတ်လုပ်မှုမှာ နိုင်ငံ၏ ရေလိုအပ်ချက် ၅၅ ရာခိုင်နှုန်းကိုသာ ထောက်ပံ့ပေးနိုင်ကြောင်း စင်ကာပူ ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဝန်ကြီး ဗီဗီယံဘာလာခရစ်နန်းက ပြောသည်။

သို့သော်လည်း စင်ကာပူပြည်သူ့ရေအေဂျင်စီက ရေကိုချွေချွေတာတာ စတင်အသုံးပြုရန် တိုက်တွန်းလိုက်သည်။

မတ်လအတွင်း ရေအခက်အခဲနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ယင်းမိုးခေါင်မှုသည် အိမ်နီးချင်း မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများကိုလည်း ထိခိုက်လျက်ရှိသည်။ အပူချိန်မှာ ဆက်လက်မြင့်တက်နိုင်သည်။ **(ဘီဘီစီ)**

ဗီယက်နမ်၌ ပထမဆုံးကိုယ်တွင်းအင်္ဂါအစိတ်အပိုင်း အစားထိုးခွဲစိတ်မှု အောင်မြင်

ဟနွိုင်း မတ် ၅

ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်ဆရာဝန်များ၏ ပထမဆုံးကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းအစားထိုးခွဲစိတ်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။

ပြင်းထန်သော ယာဉ်တိုက်မှုကြောင့် ဦးနှောက်သေဆုံးသွားသူတစ်ဦး၏ လှူဒါန်းမှုဖြင့် ၄၃ နှစ်အရွယ် အမျိုးသားလူနာကို ကျောက်ကပ်နှင့် ပန်ကရိယ အစားထိုးခွဲစိတ်ကုသမှု ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ၁၃ နာရီကြာ ၎င်းခွဲစိတ်မှုကို အမှတ် (၁၀၃) ဆေးရုံနှင့် စစ်တက္ကသိုလ်တို့မှ ကျန်းမာရေးဝန်ထမ်း ၁၅၀ ကျော် ပူးပေါင်း၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အမှတ် (၁၀၃)ဆေးရုံမှ ညွှန်ကြားရေးမှူးက ယခုကဲ့သို့ ပထမဆုံးကိုယ်တွင်းအင်္ဂါ အစားထိုးခွဲစိတ်ကုသမှုအောင်မြင်ခဲ့ခြင်းသည် ဗီယက်နမ်ဆေးပညာအခန်းကဏ္ဍအတွက် ခြေလှမ်းသစ်ကို စတင်နိုင်ခဲ့သည်ဟု ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

....

တရုတ်ကာကွယ်ရေးဘတ်ဂျက်တိုးမြှင့်

ပေကျင်း မတ် ၅

တရုတ်က ၎င်း၏ ၂၀၁၄ ခုနှစ် စစ်အသုံးစရိတ် ဘတ်ဂျက်ကို ၁၂ ဒသမ ၂ ရာခိုင်နှုန်း တိုးလိုက်ကြောင်း ကြေညာသည်။

ကာကွယ်ရေးဘတ်ဂျက် ဒေါ်လာ ၁၃၂ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ပေကျင်းအစိုးရက ကာကွယ်ရေးသုတေသနနှင့် အဆင့်မြင့်နည်းပညာသုံး လက်နက်များတပ်ဆင်ရေး၊ နယ်စပ်၊ ကမ်းရိုးတန်းနှင့် လေကြောင်းကာကွယ်ရေးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် လီကီချန်းက နှစ်ပတ်လည် အမျိုးသားပြည်သူ့ကွန်ဂရက် ကျင်းပစဉ် ပြောကြားလိုက်သည်။ **(ပရက်စ်တီဗွီ)**

....

အရှေ့အလယ်ပိုင်း၌ ကန်တပ်များ ဆက်လက်ထားရှိမည်

ဝါရှင်တန် မတ် ၅

အမေရိကန်စစ်တပ်ကို အရှေ့အလယ်ပိုင်းနှင့် ပါရှန်ပင်လယ်ကွေ့၌ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

အမေရိကန်က အရှေ့အလယ်ပိုင်းနှင့် ပါရှန်ပင်လယ်ကွေ့၌ အဖွဲ့ဝင် ၃၅၀၀၀ ဖြန့်ကြက်ထားသည်။ အဆိုပါဒေသ အမေရိကန်စစ်ဘက် အဆောက်အအုံများကို ဘာရိန်းနှင့် အာဖဂန်တို့တွင်လည်း အခြေစိုက်ထားသည်။ အမေရိကန်က ကမ္ဘာတစ်ဝန်းလုံးတွင် တပ်ဖွဲ့ဝင် ၃၅၀၀၀၀ ကို နိုင်ငံပေါင်း ၁၃၀ တွင် ဖြန့်ကြက်ထားသည်။ **(ပရက်စ်တီဗွီ)**

ယူကရိန်းအရေး အီးယူနှင့် အမေရိကန်ဆွေးနွေးမည်

ခရိုင်းမီးယား မတ် ၅

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗော့တို့သည် ယူကရိန်းအကျပ်အတည်းနှင့် ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်သည်။

အမေရိကန်က ရုရှားကို ယူကရိန်း ခရိုင်းမီးယားဒေသ၌ တပ်များ ဖြန့်ကြက်သည်ဟု စွပ်စွဲထားသည်။ ယင်းသို့ တပ်ဖြန့်ခြင်းမှာ ကျူးကျော်ခြင်းဖြစ်သည်ဟု စွပ်စွဲထားသည်။ သို့သော် ကရင်မလင်က ယင်းစွပ်စွဲချက်ကို ငြင်းဆိုထားသည်။

ယင်းတို့ နှစ်နိုင်ငံသည် မတူညီသောအမြင်များ ရှိသော်လည်း ယူကရိန်း အရေးအပေါ် ဆွေးနွေးကြလိမ့်မည်ဟုဆိုသည်။ မော်စကိုအနေဖြင့် ယူကရိန်းတောင်ပိုင်း ခရိုင်းမီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဆက်လက်ထိန်းချုပ်ထားမည့် အနေအထားဖြစ်သည်။

ယမန်နေ့ညက ခရိုင်းမီးယား၌ တင်းမာမှုများ ဆက်လက်ရှိနေဆဲဖြစ်သော်လည်း အကြမ်းဖက်သည့် အနေအထားကိုမတွေ့ရဟု ဆိုသည်။

ယခု သီတင်းပတ်စောစောပိုင်းက ယူကရိန်း ခရိုင်းမီးယားရှိ ရုရှားနိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် တပ်ဖွဲ့ဝင်များ ဝင်ရောက်မည်ဟု ရုရှားက သတိပေးပြောကြားလိုက်ပြီးနောက် တင်းမာမှုမှာ အခြေအနေပို၍ဆိုးရွားလာသည်။

ရုရှား၏ သတိပေးချက်ထွက်ပေါ်လာပြီးနောက် ကမ္ဘာတစ်ဝန်း စိုးရိမ်မှုများ တိုးလာသည်။ မစ္စတာကယ်ရီနှင့် မစ္စတာလရော့ဗ်တို့သည် ပါရီမြို့၌ ကျင်းပမည့်ညီလာခံ၌ သီးခြားစီ တွေ့ဆုံဆွေးနွေးကြမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ပြီးလျှင် ဗုံးအန္တရာယ်အရှိဆုံး အိန္ဒိယဖြစ်လာ

နယူးဒေလီ မတ် ၅

အိန္ဒိယနိုင်ငံသည် ဗုံးပေါက်ကွဲမှုများကြောင့် ကမ္ဘာပေါ်တွင် တတိယမြောက် အန္တရာယ်အရှိဆုံးနေရာအဖြစ်သို့ ရောက်လာခဲ့ကြောင်း ဒေသမီဒီယာတွင် ဖော်ပြသည်။

အမျိုးသားအချက်အလက်ဆိုင်ရာဌာန သတင်းအချက်အလက်များအရ ဗုံးပေါက်ကွဲမှုမှာ အီရတ်နှင့် ပါကစ္စတန်ပြီးလျှင် အိန္ဒိယနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်ရှိ ပေါက်ကွဲမှု ၇၅ ရာခိုင်နှုန်းနီးနီးသည် ၎င်းသုံးနိုင်ငံတို့တွင်ဖြစ်ပွားခဲ့သည်ဟု သိရသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း ဗုံးပေါက်ကွဲမှု ၂၁၂ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံထက် နှစ်ဆခန့်ပိုများကြောင်း အိန္ဒိယတိုင်း(မ်)သတင်းစာက ဖော်ပြသည်။

သို့သော်လည်း ၂၀၁၂ ခုနှစ်တွင် ပေါက်ကွဲမှု ၂၄၁ ကြိမ်ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၃၀၊ ဒဏ်ရာရရှိသူ ၄၆၆ ဦးရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၂၁၂ ကြိမ် ပေါက်ကွဲခဲ့ရာ သေဆုံးသူ ၁၁၃ ဦး၊ ဒဏ်ရာရရှိသူ ၄၁၉ ဦးသို့ ကျဆင်းသွားခဲ့ကြောင်း ၎င်းသတင်းစာဖော်ပြချက်အရ သိရသည်။

၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ပျမ်းမျှအားဖြင့် ပေါက်ကွဲမှုမှာ ၂၉၈ ကြိမ်၊ ဒဏ်ရာရရှိသူ ၁၃၃၇ ဦးရှိခဲ့ကြောင်း ထပ်လောင်းဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

အိန္ဒိယနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲအတွက် ပါတီများ မဲဆွယ်နေစဉ်။

အိန္ဒိယအထွေထွေရွေးကောက်ပွဲကျင်းပရန် ကြေညာ မဲပေးခွင့်ရှိသူ ၈၁၄ သန်းက မဲပေးမည်

နယူးဒေလီ မတ် ၅

အိန္ဒိယ အထွေထွေရွေးကောက်ပွဲကို ဧပြီလနှင့် မေလအတွင်း အဆင့်ကိုးဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း အိန္ဒိယရွေးကောက်ပွဲကော်မရှင်က ကြေညာသွားသည်။

အောက်လွှတ်တော် ဆန္ဒမဲပေးခြင်းကို ဧပြီ ၇ ရက်မှ မေ ၁၂ ရက်အထိ ကျင်းပပြီး မေ ၁၆ ရက်တွင် မဲများရေတွက်ဖွယ်ရှိသည်။ မဲပေးနိုင်သူဦးရေ ၈၁၄ သန်းရှိပြီး ကမ္ဘာ့အကြီးဆုံးရွေးကောက်ပွဲဖြစ်လာနိုင်သည်။

အာဏာရကွန်ဂရက်ပါတီနှင့် အဓိကအတိုက်အခံ ဘာရာတီယာဂျာနာတာပါတီတို့သည် ပါတီငယ်များနှင့် ယှဉ်ပြိုင်ရဖွယ်ဖြစ်သည်။ ဒေသဆိုင်ရာ ပါတီ ၁၁ ခုမှ ခေါင်းဆောင်များသည် ကွန်ဂရက်နှင့် ဘီဂျေပီပါတီတို့ကို ပြိုင်ရန် တတိယတပ်ဦးပါတီကို ဖွဲ့စည်းထားသည်။

အိန္ဒိယ အောက်လွှတ်တော်အတွင်း အမတ်နေရာ ၅၄၃ နေရာရှိပြီး မည်သည့်ပါတီ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့မဆို အစိုးရဖွဲ့ရန် အမတ်နေရာ အနည်းဆုံး ၂၇၂ နေရာရရှိရမည်ဟု ဆိုသည်။

ဧပြီ ၇ ရက်တွင် ပြည်နယ်နှစ်ခု၌ မဲဆန္ဒနယ် ခြောက်ခု၊ ဧပြီ ၉ ရက်တွင် ပြည်နယ်ငါးခု၌ မဲဆန္ဒနယ် ခုနစ်ခု၊ ဧပြီ ၁၀ ရက်တွင် ပြည်နယ် ၁၄ ခု၌ မဲဆန္ဒနယ် ၉၂ ခု၊ ဧပြီ ၁၂ ရက်တွင် ပြည်နယ်သုံးခု၌ မဲဆန္ဒနယ်ငါးခု၊ ဧပြီ ၁၇ ရက်တွင် ပြည်နယ် ၁၃ ခု၌ မဲဆန္ဒနယ် ၁၄၂ခု၊ ဧပြီ ၂၄ ရက်တွင် ပြည်နယ် ၁၂ ခု၌ မဲဆန္ဒနယ် ၁၁၇ ခု၊ ဧပြီ ၃၀ ရက်တွင် ပြည်နယ်ကိုးခု၌ မဲဆန္ဒနယ် ၈၉ ခု၊ မေ ၇ ရက်တွင် ပြည်နယ်ခုနစ်ခု၌ မဲဆန္ဒနယ် ၆၄ ခု၊ မေ ၁၂ ရက်တွင် ပြည်နယ်သုံးခု၌ မဲဆန္ဒနယ် ၄၁ ခု တို့တွင် ရွေးကောက်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဆန္ဒမဲပေးခွင့်ရှိသူ ၈၁၄ သန်းသော ပြည်သူများသည် မဲရုံပေါင်း ၉၃၀၀၀၀ ၌ မဲပေးကြမည်ဖြစ်သည်။

မဲပေးနိုင်သူ အရေအတွက်သည် ၂၀၀၉ ရွေးကောက်ပွဲထက် သန်း ၁၀၀ ကျော် ပိုလာသည်။ ၂၀၀၉ ခုနှစ်က မဲရုံပေါင်း ၈၃၀၀၀၀ ရှိခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ACDFIM အစည်းအဝေးကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ ချမှတ်ခဲ့သည့်သဘောတူညီချက်များနှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်

နေပြည်တော် မတ် ၅

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာ ရှင်းလင်းပွဲကို ယနေ့မွန်း လွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall၌ ကျင်းပရာ **(ယာပုံ)** အစည်းအဝေး သဘာပတိတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံများ၏ ကာကွယ်ရေး ဦးစီးချုပ်များသည် ၂၀၁၄ ခုနှစ် မတ် ၅ ရက်တွင် နေပြည်တော်၌ ကျင်းပသော (၁၁)ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘော အစည်းအဝေး (ACDFIM) သို့ တက်ရောက်ခဲ့ကြပါကြောင်း။

အရှေ့တောင် အာရှဒေသအတွင်း လုံခြုံရေးရပ်ဝန်းသည် အတော်အသင့်တည်ငြိမ်မှုရှိနေချိန်တွင် လက်ရှိဖြစ်ပေါ်နေသော ခက်ခဲရှုပ်ထွေးမှုများနှင့် ဖြစ်ပေါ်လာနိုင်သော လုံခြုံရေးခြိမ်းခြောက်မှုများသည် ဒေသတွင်း အေးချမ်းမှုနှင့် တည်ငြိမ်မှုကို ဆက်လက်စိန်ခေါ်လျက်ရှိသည်ကို မိမိတို့မှ တရားဝင်အသိအမှတ်ပြုခဲ့ပါကြောင်း။

တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် နည်းလမ်း (Code of Conduct)အား အချိန်ဆောလျင်စွာ အဆုံးသတ်နိုင်ခြင်းသည် ဒေသတွင်း တည်ငြိမ်ရေးနှင့် ပင်လယ်ပြင်လုံခြုံရေးအတွက်မရှိမဖြစ် လိုအပ်သည်ကို မိမိတို့မှ ထပ်လောင်းအတည်ပြုပါကြောင်း။

အာဆီယံ တပ်မတော်များ အခန်းကဏ္ဍတွင် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း သဘောတရားများကို အခြေခံ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် မရှိမဖြစ်လိုအပ်သည်ကို မိမိတို့မှ အတည်ပြုပါကြောင်း။

ဒေသတွင်း လုံခြုံရေးစိန်ခေါ်မှုများကို ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးတွဲလုပ်ဆောင်မှု အခြေခံသဘောတရားများဖြင့် အတူတကွတုံ့ပြန်ဖြေရှင်းရာတွင် အာဆီယံတပ်မတော်သားများ အခန်းကဏ္ဍသည် ပိုမိုတည်ငြိမ်သော လုံခြုံသောဒေသတစ်ခုအဖြစ်သို့ ဆက်လက်ဦးတည်နေရန် လိုအပ်မည်ကို မိမိတို့မှ ထပ်လောင်းအတည်ပြုခဲ့ပါကြောင်း။

သဘာဝဘေးဒုက္ခများ၊ အကြမ်းဖက်မှုများ၊ ပင်လယ်ပြင်လုံခြုံရေးနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ၊ ကူးစက်ရောဂါများ၊ အစားအစာနှင့် စွမ်းအင်လုံခြုံရေး၊ Human Security၊ ဆိုက်ဘာရာဇဝတ်မှုများ၊ ရာသီဥတုဖောက်ပြန်မှု၊ ကမ္ဘာကြီးပူနွေးလာမှုကဲ့သို့သော သမားရိုးကျမဟုတ်သည့် လုံခြုံရေးခြိမ်းခြောက်မှုများသည် ဒေသတွင်း အခန်းကဏ္ဍတွင် အရေးပါသော အနေအထား၌ ဆက်လက်တည်ရှိနေပြီး အာဆီယံတပ်မတော်များ အနေဖြင့် သတင်းဖလှယ်ခြင်း၊ စွမ်းရည်တည်ဆောက်ခြင်း၊ပူးတွဲလေ့ကျင့်ခန်းနှင့် ပူးတွဲလေ့ကျင့်မှုများကို အတူတကွဆက်လက်ဆောင်ရွက်ရန် မိမိတို့မှ အတည်ပြုခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် မလက္ကာ ရေလက်ကြား၌ ADMM Plus Expert Working Group လေ့ကျင့်ခန်းများအား ပင်လယ်ပြင် လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းပုံစံဖြင့်ဆောင်ရွက်သွားရန် အစပျိုးမှုအား မိမိတို့မှ ကြိုဆိုခဲ့ပါကြောင်း၊ ACDFIM အစည်းအဝေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ ချမှတ်ခဲ့သည့်သဘောတူညီချက်များနှင့် အစီအစဉ်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို မိမိတို့မှ ကြေညာခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ်မတ် ၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အလွတ်သဘောအစည်းအဝေး AMIIM တွင် ချမှတ်သည့် အကြံပြုချက်များနှင့် (၄) ကြိမ်မြောက် အာဆီယံ တပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အလွတ်သဘောအစည်းအဝေး AMOIM တွင် စစ်ဆင်ရေးမှူးချုပ်များ၏ အကြံပြုသုံးသပ်ချက်များဖြစ်သော(က)အာဆီယံတပ်မတော်များ ဘက်စုံပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ချက်များပါ Two Year Activity Work Plan of 2014-2016 ကိုဆက်လက်ဆောင်ရွက်ရန်။ (ခ) ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများမှသည်“ငြိမ်းချမ်းဝေစည် အာဆီယံအသိုက်အဝန်းဆီသို့”ဟူသည့်အတိုင်း အာဆီယံ တပ်မတော်များ၏ အခိုင်အမာပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် လက်တွေ့လုပ်ဆောင်မှုများအကြား ပိုမိုခိုင်မာစေရန်။ (ဂ)၂၀၁၅ ခုနှစ် အာဆီယံ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အလွတ်သဘော အစည်းအဝေး AMIIM၊ အာဆီယံ တပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အလွတ်သဘော အစည်းအဝေး AMOIM အစည်းအဝေးများ၏ သဘာပတိတာဝန်များအား မလေးရှားနိုင်ငံသို့ လွှဲပြောင်းပေးရန် သဘောတူညီခဲ့ကြပါကြောင်း။

၂၀၁၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ အထက်ပါ ထုတ်ပြန်ချက်မူရင်းကို အင်္ဂလိပ်ဘာသာဖြင့် ပူးတွဲလက်မှတ်ရေးထိုးခဲ့ကြပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများမှ သိရှိလိုသည်များ မေးမြန်းကြရာ 11th ACDFIM အစည်းအဝေး သဘာပတိ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းမီဒီယာနှင့်ပြည်တွင်း အခြေစိုက်ပြည်ပမီဒီယာ ၄၀ ကျော်တို့မှ သတင်းမီဒီယာသမားများ တက်ရောက် သတင်းရယူခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြန်မာ့တပ်မတော်အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွင် ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန် ကြိုးစားနေ

နေပြည်တော် မတ် ၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဦးစီးချုပ်များ၏ အလွတ်သဘောတွေ့ဆုံပွဲ 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဘရူနိုင်းနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj.Gen.Dato Seri Pahlawan Mohd Tawih Bin Abdullah၊ကမ္ဘောဒီးယားနိုင်ငံ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Gen. Eth Sarath၊အင်ဒိုနီးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Dr.Moeldoko၊ လာအိုနိုင်ငံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Brig. Gen Khamlieng Outhakasone၊ မလေးရှားနိုင်ငံတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen.Tan Sri Dato'Sri (Dr.) Zulkifeli Bin Mohd Zin၊ ဖိလစ်ပိုင်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Emmanuel T Bautista ၊ စင်ကာပူနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt.Gen.Ng Chee Meng၊ထိုင်းနိုင်ငံတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen.Tanasak Patimapragorn၊ ဗီယက်နမ်နိုင်ငံမှ Sr.Lt.Gen.Do Ba Ty နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်း ပြည်ပသတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အာဆီယံကာကွယ်ရေးဦးစီးချုပ်များ၏ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှု သတင်းထုတ်ပြန်ချက်ကို ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဖြေကြားခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းဖြေကြားမှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

မေး ။ ။ ယခုကျင်းပခဲ့တဲ့ အစည်းအဝေးရဲ့ဆောင်ပုဒ်ကို ဘယ်လိုပုံဖော်ဆွေးနွေးခဲ့ကြတယ်ဆိုတာ သိပါရစေ။

ဖြေ ။ ။ ယခုအစည်းအဝေးရဲ့ဆောင်ပုဒ်ဖြစ်တဲ့ “**Defence Cooperation towards Peaceful and Prosperous ASEAN Community**” နဲ့အညီ ပင်လယ်ရေကြောင်း လုံခြုံရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာနဲ့ ယနေ့ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ သမားရိုးကျ မဟုတ်တဲ့ စိန်ခေါ်မှုတွေဖြစ်တဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းနဲ့အကြမ်းဖက် တိုက်ဖျက်ရေးလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းမှာ

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ မေးမြန်းမှု အပေါ် ဖြေကြားစဉ်။

ကျရောက်လာတဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေအပြင် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းတွေကို ဆွေးနွေးခဲ့ပါတယ်။

မေး ။ ။ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့မှာ မြန်မာ့တပ်မတော်အနေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ဘယ်လိုစီစဉ်ထားတယ်ဆိုတာ သိလိုပါတယ်။

ဖြေ ။ ။ မြန်မာ့တပ်မတော်အနေနဲ့ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့မှာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားဖို့ ကြိုးစားနေပါတယ်။ အရင်က မြန်မာ့တပ်မတော်အနေနဲ့ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့မှာ ပါဝင်ထမ်းဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် မပါဝင်နိုင်ခဲ့တာ ယခုအချိန်အထိဖြစ်ပါတယ်။ သို့သော်လည်း ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်မှာ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့မှာ ဝင်ရောက်ဆောင်ရွက်ဖို့အတွက် ကမ်းလှမ်းမှုတွေရှိခဲ့ပါတယ်။ လတ်တလောအနေနဲ့ ပါဝင်ဆောင်ရွက်မှု မရှိသေးပါဘူး။ ပြီးခဲ့တဲ့နှစ်မှာ လေ့လာစောင့်ကြည့်သူအနေနဲ့ ပါဝင်ဆောင်ရွက်ဖို့ စီစဉ်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ပြင်ဆင်ခဲ့ရတာတွေရှိခဲ့ပါတယ်။ အနာဂတ်မှာ အပြည်ပြည်ဆိုင်ရာတပ်မတော်သားတွေနဲ့ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့အတွက် ကုလသမဂ္ဂနဲ့အာဆီယံနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အစွမ်းကုန်ကြိုးစားဆောင်ရွက်နေပါတယ်။

မေး ။ ။ ယခုကျင်းပတဲ့အစည်းအဝေးအနေနဲ့ အာဆီယံအသိုက်အဝန်းအတွက် ဘယ်လိုရလဒ်ကောင်းတွေ ဖော်ဆောင်ပေးနိုင်မလဲဆိုတာကို သိလိုပါတယ်။

ဖြေ ။ ။ ၂၁ရာစုမှာ ကျွန်တော်တို့အာဆီယံနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေတဲ့ သမားရိုးကျနဲ့ သမားရိုးကျမဟုတ်တဲ့ ခြိမ်းခြောက်မှုတွေ ကင်းဝေးစေဖို့အတွက် အာဆီယံ တပ်မတော်အချင်းချင်းပူးပေါင်းဆောင်ရွက်မှုနဲ့ ပိုမိုချစ်ကြည်ရင်းနှီးလာစေမှာ ဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ဖို့အတွက် အာဆီယံတပ်မတော်များအကြားမှာ ယုံကြည်မှုတွေ၊ ချစ်ကြည်ရင်းနှီးမှုတွေရဖို့အတွက် တပ်မတော်သားအချင်းချင်း အဆင့်လိုက် အပြန်အလှန်ဆက်ဆံမှုတွေ ထူထောင်ရမှာ ဖြစ်ပါတယ်။ ဒီလိုပြုလုပ်ခြင်းကြောင့် ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ စစ်ရေးဆိုင်ရာ လုံခြုံမှုများဖြစ်တဲ့ ပင်လယ်ရေကြောင်းလုံခြုံရေး၊စစ်ဘက်ဆိုင်ရာဆေးပညာရပ်များ ပေါင်းစည်းရေး၊ အကြမ်းဖက်မှုတွေကို တန်ပြန်ချေမှုန်းရေး၊ လူသားချင်းစာနာထောက်ထားမှုနဲ့ သဘာဝဘေးအန္တရာယ်များ ကယ်ဆယ်ရေး၊ ငြိမ်းချမ်းရေးတပ်ဖွဲ့များ ဖွဲ့စည်းရေးဆိုတဲ့ ဖော်ဆောင်နေတဲ့ နေရာတွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။

မေး ။ ။ အခုအခါ လုံခြုံရေးအမြင်များနဲ့ ပတ်သက်ပြီး ပုံစံအမျိုးမျိုး ပြောင်းလဲလျက်ရှိရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပြောကြားခဲ့တဲ့ Human Security နဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

ဖြေ ။ ။ အရင်က စစ်ရေးဆိုပြီးပြောနေရာကနေ ဘက်စုံစစ်ပွဲအသွင်လို့ ပြောရမယ့် ကဏ္ဍပေါင်းစုံ ခြိမ်းခြောက်မှုတွေ ပိုပြီးသတိပြုမိတာက ယခုအချိန်မှာ သမားရိုးကျလုံခြုံမှုအမြင်တွေအနက် Human Security အပိုင်းကို သတိပြုမိတာကြာပြီဖြစ်ပါတယ်။ ဒါတွေက စီးပွားရေးလုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင် လုံခြုံမှု၊ လူတစ်ဦးချင်းလုံခြုံမှု၊ လူ့အသိုက်အဝန်းလုံခြုံမှုနဲ့ နိုင်ငံရေးလုံခြုံမှုတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေသလို အလွန်ကျယ်ပြန့်ပါတယ်။ အာဆီယံနိုင်ငံတိုင်းကတော့ မလုပ်နိုင်ကြသေးပါဘူး။ သက်ဆိုင်ရာနိုင်ငံအလိုက်လုပ်နိုင်တဲ့အပိုင်းနဲ့ လုပ်နိုင်တဲ့အခွင့်အရေးရှိပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့ အဲဒီနယ်ပယ်တွေမှာ အမျိုးသားလုံခြုံရေးနဲ့ ဒေသတွင်းလုံခြုံရေးတွေအပေါ်မှာ ပြည်သူလူထုပါဝင်တဲ့ အခြေပြုအမြင်နဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးအမြင်တွေကို တတ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်သွားဖို့ရှိပါတယ်။ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုရာမှာ ပြည်သူလူထုပါဝင်ဆောင်ရွက်မှုဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ပြည်သူလူထုအခြေပြုတဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေမှာ အရေးကြီးကြောင်းကိုလည်း အလေးအနက်ထား ဆွေးနွေးခဲ့ကြပါတယ်။

စာမျက်နှာ ၆ ကော်လံ ၅ သို့

ပြည်တွင်းသတင်း

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီစတုတ္ထအစည်းအဝေးကျင်းပ

ဒေသနာတော်နှင့်အညီ မိမိတို့ဆောင်ရွက်ရမည့် ကိစ္စများကိုသာ မဆုတ်မနစ်အားသစ်ကြိုးပမ်း

ရန်ကုန် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ စတုတ္ထအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဒုတိယဝန်ကြီးဦးစိုးဝင်း၊ နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသာနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သာသနာရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူရာတွင် နိုင်ငံတော် သံဃမဟာနာယအဖွဲ့ကြီး၏ မူလအခြေခံသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်မှုအဖွဲ့ကြီး၏ မူလအခြေခံသည် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော်များဖြစ်ပါကြောင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ၏ မူလအခြေခံသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ငါးသိန်းကျော်ခန့်မျှသော ဂိုဏ်းပေါင်းစုံသံဃာတော် အပေါင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဆောင်ရွက်အပ်သော သာသနာတော်ကိစ္စဟူသမျှသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်မှုအဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံပါက သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်အများစု ကျေနပ်နှစ်သက် လက်ခံနိုင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်အများစုက ကျေနပ် နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ပါကြောင်း၊ ဂိုဏ်းပေါင်းစုံသံဃာတော်အများစု ကျေနပ်နှစ်သက် လက်ခံနိုင်စေရန်အတွက် အရေးကြီးသော သာသနာတော်ကိစ္စများကို ဆောင်ရွက်ကြရာတွင် မိမိတို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ မူလအခြေခံ ဖြစ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကြံဉာဏ်များကို ရယူခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းတို့ဖြင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ၏ အင်အားကိုလည်း ရယူသင့်ကြောင်း၊ သံဃာ့ကိစ္စ သံဃာဆောင်ရွက်ဟူသော မူအရ သာသနာတော် ကိစ္စရပ်များကို သံဃာတော်များ ဆောင်ရွက်တော်မူလာကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာညောင်းလာသည့် အခါ အချို့ပုဂ္ဂိုလ်များသည် မသိမိ မကြည့်မိ မလေ့လာမိ သိပင်သိကြသော်လည်း လေးစားမှု နည်းပါးလာသောကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းများကို ချိုးဖောက်၍ မပြုလုပ်သင့် မပြုလုပ်ထိုက်သော အမှုကိစ္စများကို ပြုလုပ်လာကြပါကြောင်း၊ **သံဃာ့အဖွဲ့အစည်း အခန်း(၂)၊ အပိုဒ်(၄)၊ အပိုဒ်(၅)၊ အပိုဒ်(၁၁)တို့နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေဟူသမျှသည် ဂိုဏ်းပေါင်းစုံသံဃာထုက ရေးဆွဲပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေများနှင့် သံဃာကို လေးစားသောအားဖြင့် ရိုသေစွာလိုက်နာသင့်ကြပါကြောင်း၊** နိုင်ငံတော်အစိုးရကလည်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို စောင့်ရှောက်သောအားဖြင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းထိုင်ဆရာတော်များ၊ ကျောင်းတိုက်နာယကဆရာတော်များက မိမိတို့၏ တပည့်ရဟန်းသာမဏေများအား ဖော်ပြခဲ့ပြီးသော စည်းမျဉ်းဥပဒေများကိုသိရှိကြစေရန်၊ မချိုးဖောက်မိကြစေရန်နှင့် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကြောင့် ယောင်ယောင်မှားမှား မဖြစ်ကြစေရန်အတွက် ဆုံးမဩဝါဒပေး၍ ထိန်းသိမ်းစောင့်ရှောက်ကြစေဖို့ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်သံဃနာယကအဖွဲ့များမှတစ်ဆင့် ညွှန်ကြားခြင်း၊ အထက်အောက် နာယကအဖွဲ့များ မကြာမကြာ တွေ့ဆုံညှိနှိုင်းခြင်းတို့ဖြင့် နိုင်ငံတစ်ဝန်းလုံးပျံ့နှံ့သိရှိအောင် ဆရာတော်ဘုရားများ အချင်းချင်းညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါကြောင်း၊ ယခု ကာလအခြေအနေ အချိန်အခါအရ နိုင်ငံတော်သံဃမဟာနာယအဖွဲ့ကြီးကို ကြည်ညိုလေးစားအားထားကြသော ပုဂ္ဂိုလ်များရှိသလို အပြစ်ပြောကြ၊ ရှုတ်ချစွပ်စွဲသော ပုဂ္ဂိုလ်များလည်း ရှိကြပေလိမ့်မည်၊ ယင်းသို့ရှိကြရာ၌ ကြည်ညိုလေးစားအားထားကြခြင်း ကြောင့်လည်း စိတ်ဓာတ်တက်ကြွမှုမဖြစ်ရအောင်၊ အပြစ်ပြောကြ၊ ရှုတ်ချစွပ်စွဲကြခြင်းဖြစ်ကြောင်းလည်း စိတ်ဓာတ်ဆုတ်နစ် မကျေမနပ်မဖြစ်အောင် သတိထားတော်မူကြလျက် ထိုအပြစ်ပြောသူ၊ ကဲ့ရဲ့ရှုတ်ချ စွပ်စွဲကြသူတို့ကိုလည်း တုံ့ပြန်ချေပမှုပြုမနေကြဘဲ **သကိစ္စမနုယုဉ္ဇထ** ဟူသော ဒေသနာတော်နှင့်အညီ မိမိတို့ဆောင်ရွက်ရမည့် ကိစ္စများကိုသာ မဆုတ်မနစ်အားသစ်ကြိုးပမ်းတော်မူကြပါဟု သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များသည် လွန်စွာများပြားပြီး ထိုသို့များပြားလှစွာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကို ဓမ္မဝိနယနှင့်အညီ လည်းကောင်း၊ အတည်ပြုပြဋ္ဌာန်းထားသော အခြေခံစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများစသည်တို့နှင့် ညှိနှိုင်း၍လည်းကောင်း၊ နိုင်ငံတော်က ထုတ်ပြန်ကြေညာထားသော တည်ဆဲဥပဒေများနှင့် ဆက်စပ်၍လည်းကောင်း၊ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်တော်မူကြကြောင်း၊ ဆရာတော်ကြီးများသည် **ကျွမ်းကျင်လိမ္မာ၍ လုံ့လဝီရိယရှိရှိဖြင့် အကြောင်းဥပါယ် အသွယ်သွယ်မှာ စူးစမ်းနိုင်းချိန်ပြီး အဂတိတရားကင်းစင်စွာ အောင်အောင်မြင်မြင် ထမ်းဆောင်တော်မူ**ကြသဖြင့် ဆရာတော်ကြီးများအား **ဆပွားပိုမို၊ ကြည်ညိုလေးမြတ်ဦးခိုက်ကန်တော့**အပ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စားတွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တစန္ဒိမာ အရှင်သူမြတ်က တင်သွင်းလျှောက်ထားတော်မူပြီး သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော် မူကြသည်။

ထို့နောက် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စရပ်များတင်ပြခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးကို ၉ နာရီခွဲတွင် ရပ်နားကာ တစ်နေ့တာဆွမ်းအလှူရှင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးစိန်ရ (ဝန်ကြီး၊ငြိမ်း)နှင့် ဇနီးဒေါ်အေးအေးစိုး မိသားစု၊ ဦးအေးသန်းနှင့်ဇနီးဒေါ်အေးရီမိသားစုနှင့် ဦးရဲဝင်းနှင့်ဇနီး ဒေါ်ယဉ်နွဲ့ မိသားစုတို့က ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲ ၁ နာရီတွင် ဒုတိယပိုင်းအစည်းအဝေးကိုဆက်လက်ကျင်းပရာ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စရပ်များတင်ပြခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

✳ ***ရှေ့ဖုံးမှ***

ဒီဇင်ဘာ ၁ ရက်မှ စတင်၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုထားခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ သွားလာမှုလွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် တည်ဆောက်ပေးထားသောတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်စည်းကမ်းရှိစွာဖြင့် စနစ်တကျမောင်းနှင်ခြင်း၊ ကုန်ပစ္စည်းများ သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ခြင်းစသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများက ဝိုင်းဝန်း ထိန်း သိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က တံတားတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် Capital Development Ltd. မှ ဒါရိုက်တာ ဦးတင်မောင်ဝင်းတို့က ရွှေဂုံတိုင်ခုံးကျော်တံတားသစ်အားဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေဂုံတိုင်ခုံးကျော်တံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး ခုံးကျော်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော ရွှေဂုံတိုင် ခုံးကျော်တံတားသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်တွင် တည်ရှိပြီး သံကူကွန်ကရစ်တံတားအမျိုး အစားဖြစ်ပြီး စုစုပေါင်းတံတားအရှည် ၂၀၅၉ ဒသမ ၅၅ ပေ၊ အကျယ် ၄၅ ဒသမ ၅၉ပေ လေးလမ်းသွားဖြစ်၍ တံတားအောက် ကင်းလွတ်အမြင့် ၁၈ ပေရှိကာ ခံနိုင်ဝန်တန်ချိန် ၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်အစိုးရသည် ကမ္ဘာတစ်ဝန်းအကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့နှင့်အတူ နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်

သတင်းထုတ်ပြန်ချက်

၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းဘူတာရုံ၌ ဓားများကိုင်ဆောင်သည့် အကြမ်းဖက်သမားများက အပြစ်မဲ့သူအများအပြားသေဆုံး၊ ဒဏ်ရာရရှိစေသည့် အသိစိတ်မဲ့ရက်စက်စွာ တိုက်ခိုက်ခဲ့ခြင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ပြင်းထန်စွာရှုတ်ချသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများနှင့်အတူ ယင်းသို့တိုက်ခိုက်ခံခဲ့ရသူများနှင့် မိသားစုများအတွက် အထူးဝမ်းနည်း၊ စိတ်မကောင်းဖြစ်မိပါကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများ အမြန်ဆုံးပြန်လည်ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ကမ္ဘာတစ်ဝန်း အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့နှင့်အတူ နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊၂၀၁၄ ခုနှစ်၊မတ်လ ၅ ရက်

စာမျက်နှာ ၅ မှ

မေး ။ ။၂၀၁၂ခုနှစ် ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးမှာ တောင်တရုတ်ပင်လယ်ပြင်ကိစ္စရပ်အပေါ် အခြေခံမူငါးချက်နဲ့ ဆောင်ရွက်သွားဖို့ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ အဲဒီ အခြေခံမူငါးချက်အပေါ် မြန်မာ့တပ်မတော်ရဲ့ သဘောထားကို သိချင်ပါတယ်။

ဖြေ ။ ။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး အာဆီယံရဲ့ ဘုံသဘောတူညီချက်ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့လည်း ကြေညာချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ပြောရရင် တောင်တရုတ်ပင်လယ်အတွင်း ကိစ္စရပ်များနဲ့ ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းတွေ ချမှတ်ခြင်းဟာ အာဆီယံနဲ့ တရုတ်နှစ်ဖက်စလုံးအတွက် အလွန်အရေးပါတယ်လို့ ဆိုချင်ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေက ကုလသမဂ္ဂမှာ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေများနဲ့အညီ အငြင်းပွားမှုတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းသွားဖို့ ကတိကဝတ်ပြုတာကို ကြိုဆိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း သက်ဆိုင်ရာနိုင်ငံတွေ လက်ခံနိုင်တဲ့ ချစ်ကြည်ရင်းနှီးစွာ အဖြေရှာမှုနဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုမြှင့်တင်နိုင်ရေးတွေကို အမြဲတမ်း ထောက်ခံအားပေးသွားမှာ ဖြစ်ပါတယ်။ အငြင်းပွားနေတဲ့ ဒေသတွေအတွင်းမှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကို မြှင့်တင်မယ့် မည်သည့် ငြိမ်းချမ်းရေးကြိုးစားမှုကိုမဆို အားပေးသွားမှာဖြစ်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင် အငြင်းပွားမှုဟာ နှစ်နိုင်ငံအကြား သို့မဟုတ် အငြင်းပွားမှုဖြစ်နေတဲ့ နိုင်ငံတွေအကြားမှာသာ ဖြေရှင်းသွားရမယ့် ကိစ္စရပ်ဖြစ်ကြောင်းကို မြန်မာ့တပ်မတော်က သဘောထားထုတ်ပြန်ထားခဲ့ပါတယ်။

အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ အလွတ်သဘောတွေ့ဆုံမှုကို ၂၀၀၁ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပခဲ့သည်။ ယခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူထားသည့်အတွက် မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုအစည်းအဝေးကို "အာဆီယံကာကွယ်ရေးပူးပေါင်းမှုမှသည် ငြိမ်းချမ်းဝေစည်အာဆီယံအသိုက်အဝန်းဆီသို့" ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယခုအစည်းအဝေးတွင် လူသားချင်းစာနာထောက်ထားမှု၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စရပ်များ၊ သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

သံလွင်တံတား(ဖာဆောင်း) စီမံကိန်းမှာ ၂၀၁၅ ခုနှစ်အတွင်းပြီးဆုံးရန် တည်ဆောက်လျက်ရှိ

နေပြည်တော် မတ် ၅

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်အစိုးရမှ ခွင့်ပြုပေးခဲ့သော ကျပ်သန်း၂၀၀၀ မှာ ဘတ်ဂျက်ဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိနှင့် သံလွင်တံတား (ဖာဆောင်း)သည် မူလခန့်မှန်းခြေတန်ဖိုးကျပ်သန်း ၃၀၀၀ သာရှိ၍ ပြီးဆုံးချိန်၌ စုစုပေါင်းခန့်မှန်းကုန်ကျငွေ မည်မျှရှိ၍ မည်သည့်အချိန်တွင်ပြီးဆုံးမည်ကို သိလိုသည့်မေးခွန်း**တို့နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က သံလွင်တံတား(ဖာဆောင်း) တည်ဆောက်ရေးအတွက် ကျပ်သန်း ၃၀၀၀ နှင့် တံတားသံပေါင်ဖိုး ကျပ်သန်း ၂၄၂၇ ဒသမ ၇၅ ပေါင်း၍ စီမံကိန်းတန်ဖိုးအား ကျပ် ၅၄၂၇ ဒသမ ၇၅ သန်းဖြင့် ခန့်မှန်းခဲ့ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်လည်း တရုတ်နိုင်ငံ Exim Bank ချေးငွေရယူခြင်းမရှိတော့ပါသဖြင့် တံတားသံပေါင်များ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းတို့ကို ပြည်တွင်းသုံးကျပ်ငွေဖြင့်သာ ဝယ်ယူဆောင်ရွက်ရန်စီစဉ်ပြီး စီမံကိန်းတန်ဖိုးမှာ ကျပ် ၇၁၉၄ သန်းသို့ ပြောင်းလဲခဲ့ပါကြောင်း။

စီမံကိန်းအတွက် ရရှိပြီးရန်ပုံငွေမှာ ကျပ်သန်း ၃၂၀၀ ဖြစ်ပြီး ပြည်ထောင်စုရန်ပုံငွေဖြင့် စတင်ဆောက်လုပ်ခဲ့သော်လည်း ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေမှ ပေါင်းစပ်ထည့်ဝင်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါရန်ပုံငွေမှာ ပြည်နယ်အစိုးရမှ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခဲ့ပြီး ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးကော်မရှင်မှတစ်ဆင့် ကယားပြည်နယ် အစိုးရ၏ အရအသုံးစာရင်းအား ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ ခွင့်ပြုချက်ရယူထားခြင်း ဖြစ်ပါသဖြင့် ဘတ်ဂျက်ဥပဒေနှင့် ညီညွတ်မှုရှိပါကြောင်း၊ တံတားစီမံကိန်းမှာ ၂၀၁၅ ခုနှစ်အတွင်း ပြီးဆုံးရန်တည်ဆောက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်ကဏ္ဍနှင့်သက်ဆိုင်သည့်မေးခွန်းနှစ်ခုအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သန်းဦးက ပြန်လည်ဖြေကြားခဲ့သည်။

လောင်းလုံး မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **ရေဖြူမြို့နယ် ကံပေါက်ဒေသတွင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၅၀၀ မဂ္ဂါဝပ်အား မည်သည့်အချိန်တွင်တည်ဆောက်ပေးမည်နှင့် မော်လမြိုင်-ထားဝယ် လျှပ်စစ်ဓာတ်အားလိုင်း စီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်တွင် ပါဝင်နိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်တွင် သဘာဝဓာတ်အားပေးစက်ရုံတည်ဆောက်ရန် Star Sapphire Co,Ltd. နှင့် Andaman Power and Utility Co.,Ltd. တို့ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ကနဦးဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအရ ပထမအဆင့် ၅၁ဒသမ၆ မဂ္ဂါဝပ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၅၃ ဒသမ ၁ မဂ္ဂါဝပ်ကို ၂၀၁၅ ခုနှစ် ဇွန်လတွင် လည်းကောင်း၊ တတိယအဆင့်

မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

အနေဖြင့် ၃၃၆ ဒသမ ၈ မဂ္ဂါဝပ်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် လည်းကောင်း BOT စနစ်ဖြင့် တည်ဆောက်ရန် လျာထားတင်ပြထားပြီး ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာအား စိစစ်ညှိနှိုင်းဆဲဖြစ်ပါကြောင်း။

မော်လမြိုင်-ရေး-ထားဝယ် ၂၃၀ ကေဗွီဓာတ်အားလိုင်း စီမံကိန်းအား ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဓာတ်အားလိုင်းအတွက် လိုအပ်သောငွေကြေးကို ပြည်ပချေးငွေရရှိရေးအတွက် အဆိုပြုညှိနှိုင်းလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

လက်မှတ်ရေးထိုး

မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း၏ **မချမ်းဘောမြို့နယ်ရှိ ထာခချောင်းရေအားလျှပ်စစ်စီမံကိန်းအား မည်သည့်အတိုင်းအတာထိ ဆောင်ရွက်နေသည်ကို သိလိုသည့်မေးခွန်း**နှင့်စပ်လျဉ်း၍ထာခရေအားလျှပ်စစ်စီမံကိန်း ၆ မဂ္ဂါဝပ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ထူးထရေးဒင်းကုမ္ပဏီလီမိတက်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါကြောင်း။

ထူးထရေးဒင်းကုမ္ပဏီလီမိတက်အနေဖြင့် စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စူးစမ်းလေ့လာမှုများပြုလုပ်ရာတွင် စီမံကိန်းကုန်ကျစရိတ်များပြားနိုင်ခြင်း၊ လက်တွေ့ဆောင်ရွက်ရန် အခက်အခဲများစွာရှိနေခြင်းကြောင့် ဆောင်ရွက်နိုင်မည့်အခြေအနေ မရှိပါကြောင်း၊ ထာခရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ဒေသတွင်းလျှပ်စစ်မီးရရှိရေးအတွက် မူလာရှီးဒီးရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကိုတင်ပြခဲ့ပါကြောင်း။

ဖြေကြား

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၁) မှ ထာခရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ(MoU) အားပယ်ဖျက်ကြောင်းကိုသဘောတူခွင့်ပြုပြီး ဖြစ်ပါကြောင်း၊ မူလာရှီးဒီးရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ရန် ထူးထရေးဒင်းကုမ္ပဏီလီမိတက်သို့ ၂၀၁၁ ခုနှစ် ဩဂုတ်လက အကြောင်းကြားခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံကိန်းသည် စက်တပ်ဆင်အား ၈၀၀ ကီလိုဝပ်သာရှိသဖြင့် ကချင်ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့်သာ ဆောင်ရွက်သွားရမည့်စီမံကိန်းဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်၏အဆုံးအဖြတ်ရယူခဲ့ပြီးအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

တိုင်ကြားစာများနှင့်ပတ်သက်၍ တာဝန်ရှိသည့်ပုဂ္ဂိုလ်များနှင့်တရားရေးပုဂ္ဂိုလ်များ စေတနာထား၍ပီပီပြင်ပြင်လုပ်ဆောင်စေလို

နေပြည်တော် မတ် ၅

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသည် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ(၂)ခု ဖြစ်သည့် လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ထားဝယ်ချောင်း အမှိုက်ပုံတို့တွင် WTE(Waste To Energy) နည်းဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် တင်ဒါခေါ်ယူခဲ့ပါကြောင်း၊ ထိန်ပင်အမှိုက်ပုံအတွက် (၃၀)မဂ္ဂါဝပ် စက်ရုံတည်ဆောက်မည့် CHAS-SON INTERNATIONAL KOREA ကုမ္ပဏီနှင့် ထားဝယ်ချောင်းအမှိုက်ပုံအတွက် ၁၅ ဒသမ ၄ မဂ္ဂါဝပ် စက်ရုံတည်ဆောက်မည့် Zeya & Associates, Hyundai Rotem ကုမ္ပဏီတို့အား ရွေးချယ်ခဲ့ပါကြောင်း။

အဆိုပါကုမ္ပဏီ(၂)ခုမှ ထုတ်လုပ်မည့်ဓာတ်အား ဝယ်ယူနိုင်ရေးကိစ္စနှင့်ပတ်သက်ပြီး ဓာတ်အားစနစ်ချိတ်ဆက်ရေးအတွက် နည်းပညာဆိုင်ရာ လိုအပ်ချက်ကိစ္စရပ်များ၊ ဓာတ်အားခန့်မှန်းထားကိစ္စရပ်များကို ဆွေးနွေးဆဲဖြစ်ပါကြောင်း။

အလားတူ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီသည်လည်း စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ပတ်သက်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်တွင် ဘီအိုတီတင်ဒါစနစ်ဖြင့် ရွေးချယ်ခေါ်ယူခဲ့ရာ Organic Myanmar (Thailand)မှ တင်ဒါအောင်မြင်ပြီး စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နေ့စဉ်စွန့်ပစ်အမှိုက်စို၊ အမှိုက်ခြောက် တန်ချိန်ပေါင်း ၆၅၀ လိုအပ်မည်ဖြစ်ပြီး တည်ဆောက်ရေးကာလ နှစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်မည့်ပမာဏမှာ ၁၄ ဒသမ ၈ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် Organic Myanmar (Thailand) တို့မှ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **အမျိုးသားလွှတ်တော်ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၁/၂၀၁၄)** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုက ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် **"နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက်ထုတ်ပယ်မှုများကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့်မရသဖြင့် နစ်နာမှုများရှိနေပါ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် **"ယနေ့နိုင်ငံတော်**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု ဆွေးနွေးစဉ်။ (သတင်းစဉ်)

တွင် သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် အကောင်အထည်ဖော်နေချိန် တရားစီရင်ရေးကဏ္ဍအနေဖြင့် တရားမျှတစွာ မှန်ကန်သည့် တရားစီရင်ရေးဖြစ်ပေါ်လာစေရေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းကြောင်း" အဆိုတို့သည် လက်ရှိဖြစ်စဉ် ဖြစ်ရပ်မှန်များအပေါ် အခြေခံလျက် အလေးအနက် ဖော်ဆောင်ပေးသင့်သည့် အဆိုများဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာကြိုဆိုလျက် ရှိကြပါကြောင်း။

ကော်မတီ၏ အစီရင်ခံစာတွင် ပါရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် လွယ်မောက်တောင်ဘုရားပွဲ လူသတ်မှုတွင် မကျူးလွန်ဘဲအပြစ်ဒဏ် ကျခံနေရသည့် အမှုတွဲနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း၊ ကော်မတီက ယင်းကိစ္စကို လွှတ်တော်သို့ အလေးအနက် တင်ပြခဲ့ခြင်းကြောင့် ပြစ်ဒဏ်မှလွတ်ငြိမ်းသွား၍ ဝမ်းမြောက်ရပါကြောင်း။

ကော်မတီ၏ ကြိုးပမ်းလုပ်ဆောင်အောင်မြင်မှုများကြောင့် ပြည်တွင်းပြည်ပပုဂ္ဂိုလ် အဖွဲ့အစည်းများကလည်း ယုံကြည်လေးစား အားထားလာကြသည်ကို သိရှိရပါကြောင်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့သို့ ပေးပို့ခဲ့သည့် ပြည်သူတို့၏ တိုင်ကြားစာများ၊ အသနားခံစာများကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာဆောင်ရွက်ပေးပါရန် တင်ပြချက်ကို အလေးအနက်ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသည် တိုင်ကြားသူများ၏ ဘဝများကိုသိရှိရန် ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းမေးမြန်းစုံစမ်းခြင်း၊ နစ်နာသူများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း၊ အစီရင်ခံစာများ၊ အမှုတွဲများပြုစုခြင်း၊ အရေးကြီးသည်များကို လွှတ်တော်တွင် ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့၊ တရားလွှတ်တော်ချုပ်၊ ရှေ့နေချုပ်ရုံး၊

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ကာယကံရှင်များထံသို့ ပေးပို့ရပါကြောင်း၊ ထိုသို့ ကော်မတီ၏ဆောင်ရွက်ချက်များကို ကြည့်ပါက စေတနာထား၍ ပီပီပြင်ပြင် လုပ်ဆောင်သည်ကို တွေ့ရပါကြောင်း၊ တိုင်ကြားစာများနှင့် ပတ်သက်၍ တာဝန်ရှိသည့် ပုဂ္ဂိုလ်များနှင့် တရားရေးပုဂ္ဂိုလ်များဘက်မှ စေတနာထား၍ ပီပီပြင်ပြင် လုပ်ဆောင်စေလိုပါကြောင်း။

တိုင်ကြားစာ အမှုတွဲများကို ချက်ချင်းဖြေရှင်းရမည့်ကိစ္စ၊ အမြန်ဖြေရှင်းရမည့်ကိစ္စ၊ ပုံမှန်ဖြေရှင်းရမည့်ကိစ္စဟူ၍ ကော်မတီက (၃) ပိုင်း ခွဲခြားသတ်မှတ်သကဲ့သို့ အစိုးရနှင့် တရားစီရင်ရေးဘက်မှလည်း စနစ်ကျကျသတ်မှတ်ခွဲခြားပြီး ပြီးပြတ်အောင်ဖြေရှင်း၍ အခြေအနေကို အချိန်နှင့်တစ်ပြေးညီ လွှတ်တော်သို့ ပေးပို့မည်ဆိုပါက ခက်မ(၃)ဖြာသည် ဟန်ချက်ညီလာမည်ဖြစ်ပြီး ပြည်သူကို တာဝန်ခံနိုင်သည့် Liberal Democracy အဆင့်ပင် ရောက်သွားနိုင်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးမှတ်ကြီးက အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ(၁/၂၀၁၄)ကို သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် ယင်းအစီရင်ခံစာကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို မတ် ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာကော်မရှင်ညှိနှိုင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို လေ့လာစိစစ်

နေပြည်တော် မတ် ၅

ပို့ဆောင်ရေး ဝန်ကြီးဌာနက ပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် အတည်ပြုချက်ရယူနိုင်ရန် ဥပဒေကြမ်းကော်မတီညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက်မွန်းလွဲ ၁ နာရီက လွှတ်တော်ရုံးအိုင်ဆောင် အမှတ်-၂ အပေါ်ထပ်တွင် ကျင်းပရာ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်ဦးတင်ဝင်း၊ ဒေါ်သန်းသန်းရီ၊ ဦးတင့်လွင်ရွှေနှင့် ဦးညွန့်ဝင်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းကိုတင်သွင်းထားသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ မိမိဝင်ငွေဖြင့် ရပ်တည်နိုင်ရေးဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်ရာ ဥပဒေကြမ်းကော်မတီ၊ ဥပဒေပညာရှင်များ၊ ကျွမ်းကျင်သူများက မူလဥပဒေကြမ်းကို စိစစ်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်ဇနီးများအား Welcome Dinner ဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား မတ် ၄ ရက် ညပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ရှေ့မြက်ခင်းပြင်၌ Welcome Dinner ဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကမ္ဘောဒီးယား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အင်ဒိုနီးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ လာအို ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဗီယက်နမ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ညစာစားပွဲသို့တက်ရောက်လာသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်ဇနီးများအား ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ရှေ့မြက်ခင်းပြင်၌ Welcome Dinner ဖြင့် တည်ခင်းဧည့်ခံပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (မြဝတီ)

❁ *ကျောဖုံးမှ*

ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ပညာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူ့အခြေပြုအဖွဲ့အစည်းများ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား မိဘများ၊ ကျောင်းသား ကျောင်းသူများ၊ ပုဂ္ဂလိကကျောင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစပြီး ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် လုံးဝအမှီသဟဲပြုနေသည့်အပြင် ပညာရေးသည် နိုင်ငံနှင့်လူမျိုး၏ဖွံ့ဖြိုးမှုအခြေခံအုတ်မြစ်အဖြစ် ယုံကြည်ခံယူသည့်အတွက် နိုင်ငံတော်၏ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးမြင့်မားလာစေရေးအတွက် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပညာရေးနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများချမှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်တွင်ကျင်းပခဲ့ပြီး ယင်းဆွေးနွေးပွဲ၏ရလဒ်အနေဖြင့် လိုအပ်သည့် ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) ကို ဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်နိုင်ခဲ့ပါကြောင်း။

ပြည်တွင်းပြည်ပပညာရှင်များ ပူးပေါင်းပြီး ၂၀၁၂ ခုနှစ် ဩဂုတ်လမှ ၂၀၁၃ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံ၏ လက်ရှိပညာရေးဆိုင်ရာ အခြေအနေအချက်အလက်များကို လေ့လာဆန်းစစ် သုတေသနပြုလုပ်ခဲ့ပါကြောင်း။

ထို့အတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတကြီးမှ ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး ချက်ချင်းပြုပြင်ပြောင်းလဲရမယ့် လုပ်ငန်းစဉ်များကို ချက်ချင်းဆောင်ရွက်ရန်နှင့် ရေတို၊ ရေရှည်စီမံချက်များကို ချမှတ်ရာမှာ ပြည်သူများ၏ ဆန္ဒသဘောထားနှင့် အကြံပြုချက်များ ရယူဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ပါကြောင်း။

ဖွဲ့စည်းဆောင်ရွက်

၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းပြီး အထူးလုပ်ငန်းအဖွဲ့နှင့် ဘာသာရပ်နယ်ပယ်အသီးသီးမှ ပြင်ပပညာရှင်များပါဝင်သည့် အကြံပေးအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့အပြင် ပညာရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် အသေးစိတ် လေ့လာစိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

စုစည်းရယူ

၂၀၁၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလများအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒေသန္တရအခြေပြု ဆွေးနွေးပွဲ ၁၆ ခု ကိုလည်း ပြည်သူကိုဗဟိုပြု၍ ဒေသအဆင့်၌ ကျယ်ကျယ်ပြန့်ပြန့်ကျင်းပပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် ပြည်သူလူထု၏ဆန္ဒ၊ သဘောထားနှင့်အကြံဉာဏ်များကို စုစည်းရယူခဲ့ပါကြောင်း။

ပြည်သူဗဟိုပြုဆွေးနွေးပွဲများတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ပြည်သူအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များစတဲ့ Stakeholders များက ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပြီး တက်ကြွစွာ ဆွေးနွေးအကြံပြုခဲ့ကြပါကြောင်း။

ရရှိလာသည့် အကြံပြုတင်ပြချက်များကိုအခြေခံကာ ပညာရေးမူဝါဒများနှင့်အမျိုးသားပညာရေးဥပဒေမူကြမ်းကို ဖော်ထုတ်ပြုစုခဲ့ပါကြောင်း။

အခုလိုတစ်ဖက်မှာ လက်တွေ့ကျသည့် ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် ဆွေးနွေးပွဲများကျင်းပနေတာနှင့်အတူ အခြားတစ်ဖက်မှာလည်း ချက်ချင်းလုပ်ရမည့် ပြုပြင်ပြောင်းလဲရေးကိစ္စများကို ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်နေသည့်ဝန်ကြီးဌာနများက ဆောင်ရွက်နေပါကြောင်း။

အဓိက ဆောင်ရွက်နေသည့် အခြေခံပညာကဏ္ဍတွင် ကျောင်းအပ်နှုန်း၊ ကျောင်းနေမြဲနှုန်း၊ အတန်းကူးပြောင်းနှုန်းညွှန်းကိန်းများ မြင့်မားလာရေး၊ အရည်အသွေးအာမခံချက်ရှိရေးတို့အတွက် မူလတန်းနှင့် အလယ်တန်း အခမဲ့ပညာသင်ကြားရေးဆောင်ရွက်ခြင်း၊ မူလတန်းအဆင့်ကျောင်းများမှာ ဆရာ ဆရာမ ငါးဦးအပြည့်ခန့်ထားရေး ဆောင်ရွက်ခြင်း၊ ဆရာ ဆရာမများ၊ ကျောင်းအုပ်များနှင့် မြို့နယ်ပညာရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ ဖွင့်ခြင်း၊ ဆရာအတတ်သင် သင်တန်းများတိုးချဲ့ဖွင့်လှစ်ပို့ချရေး စီမံဆောင်ရွက်ခြင်း၊ ကျောင်းသား ကျောင်းသူများ စဉ်းစားတွေးခေါ်မှု မှန်ကန်ရေးနှင့် ဦးနှောက်ဖွံ့ဖြိုးတိုးတက်စေရေး၊ သင်ရိုးများ ပြုပြင်ပြောင်းလဲရေးဆွဲခြင်း၊ စာမေးပွဲနှင့်အကဲဖြတ်စစ်ဆေးသည့်စနစ် ပြောင်းလဲအကောင်အထည်ဖော်ခြင်းတို့ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီရေးနှင့်ပိုမိုလွတ်လပ်သော တက္ကသိုလ်များဖြစ်လာစေရေး၊ သုတေသနနှင့် သင်ကြားရေးကို နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနအခြေပြု တက္ကသိုလ်များဖြစ်လာစေရန် ဦးတည်ဆောင်ရွက်ခြင်းစသည်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ ကင်းထောက်လူငယ်များ ဖွဲ့စည်းခြင်း၊ ဘက်စုံထူးချွန်လူငယ်များ ပေါ်ထွက်လာစေရေး အားပေးချီးမြှင့်ခြင်း၊ သင်ကြားသင်ယူမှုအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းခြင်းနှင့်စာကြည့်တိုက်များ တိုးချဲ့ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် မူကြိုပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ကျောင်းပြင်ပပညာကဏ္ဍ၊ နည်းပညာနှင့်သက်မွေးပညာကဏ္ဍ၊ ပုဂ္ဂလိကပညာရေးကဏ္ဍ၊ ဥပဒေရေးဆွဲရေးကဏ္ဍစသည်ဖြင့် အဖွဲ့ ခုနစ်ဖွဲ့ခွဲပြီး ဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

အခုလိုဆွေးနွေးရာတွင် တိုင်းရင်းသားစာပေဖွံ့ဖြိုးမှုနှင့် တတ်ကျွမ်းမှုကို အဓိကအလေးထား ဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းနှင့်အရည်အသွေးမြင့်မားလာရေးအတွက် လိုအပ်ချက်နှင့်ကိုက်ညီသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်ရန် **လက်တွေ့ကျသည့် ပြုပြင်ပြောင်းလဲရေး**လုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့်ကို ပြဋ္ဌာန်းပေးမည့် အမျိုးသား ပညာရေးမူဝါဒများနှင့် ဥပဒေပေါ်ထွက်လာရေးကို ဦးတည်ဆွေးနွေးရန် လိုအပ်ပါကြောင်း။

ပြည်သူဗဟိုပြု တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆွေးနွေးပွဲများတွင်လည်း အလွှာအသီးသီး၊ လူတန်းစားအသီးသီးက ပညာရေးကို စိတ်ပါဝင်စားသည့် ပြည်သူတစ်ရပ်လုံး ပါဝင်ဆွေးနွေးတာကို သိရှိရပါကြောင်း။

အခုလို တစ်မျိုးသားလုံးညီညီညွတ်ညွတ် အားလုံးပူးပေါင်းပါဝင်တာကို ကြားသိတွေ့မြင်ရသည့်အတွက် များစွာဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ အသိအမှတ်ပြုကြောင်းနှင့် ကျေးဇူးတင်ရှိကြောင်းကို ထပ်မံပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးမြှင့်တင်မှုဆိုင်ရာမှတ်တမ်းဗီဒီယိုကို ပြသသည်။

အဆိုပါ အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲတွင် အမျိုးသားဘက်စုံဖွံ့ဖြိုးရေးအတွက် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအခြေခံမူဘောင်များ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု၊ လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးဆောင်ရွက်ခဲ့မှု အခြေအနေတို့ကိုဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် မူကြိုပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့်သက်မွေးပညာကဏ္ဍ၊ ကျောင်းပြင်ပပညာရေးနှင့် ရပ်ရွာဒေသပညာရေးဖွံ့ဖြိုးမှုကဏ္ဍ၊ ပုဂ္ဂလိကပညာရေးကဏ္ဍနှင့် အမျိုးသားပညာရေးဥပဒေ (မူကြမ်း)တို့ကို ကဏ္ဍအလိုက် တစ်ပြိုင်တည်း ဆွေးနွေးခဲ့ကြသည်။

မတ် ၆ ရက်တွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကဏ္ဍအလိုက် ဆွေးနွေးရရှိချက်များကို ပြန်လည်သုံးသပ် ဆွေးနွေးကြမည်ဖြစ်သည်။

နှစ်ရက်ကြာကျင်းပသည့် အဆိုပါဆွေးနွေးပွဲတွင် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့က ပြုစုညှိနှိုင်းရရှိခဲ့သောမူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ရေးဆွဲပြုစုထားသည့် အမျိုးသားပညာရေးဥပဒေမူကြမ်းတို့ကို ကျယ်ပြန့်စွာ ဆက်လက်ညှိနှိုင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲရလဒ်များကို ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်အဆင့်ဆင့်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ယခုကျင်းပနေသည့် အစည်းအဝေးသည် အာဆီယံဥက္ကဋ္ဌတာဝန်၏ ကာကွယ်ရေးဆိုင်ရာအပိုင်းကို မိမိတို့တပ်မတော်က အောင်မြင်စွာ တာဝန်ယူဖော်ဆောင်နေခြင်းပင်ဖြစ်

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (မြဝတီ)

နေပြည်တော် မတ် ၅

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ် Grand Ballroom ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဘရူနိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj.Gen.Dato Seri Pahlawan Mohd Tawih Bin Abdullah၊ ကမ္ဘောဒီးယား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Eth Sarath၊ အင်ဒိုနီးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Dr. Moeldoko၊ လာအို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Brig. Gen. Khamlieng Outhakasone၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tan Sri Dato'Sri (Dr.) Zulkifeli Bin Mohd Zin၊ ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Emmanuel T Bautista၊ စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Ng Chee Meng၊ ထိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tanasak Patimapragorn၊ ဗီယက်နမ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Sr. Lt. Gen. Do Ba Ty နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေး သဘာပတိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အရှေ့တောင်အာရှမိသားစုဝင်ဖြစ်သည့် မိမိတို့မြန်မာနိုင်ငံတော်သည် ခေတ်သစ်သမိုင်းကြောင်း တစ်လျှောက်တွင် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးကတည်းက အာဆီယံ၏ လုပ်ငန်းစဉ်အားလုံးတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊ တာဝန်ယူ ဖော်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို အောင်မြင်စွာ လုပ်ဆောင်ခြင်းတို့ဖြင့် တာဝန်သိသောအဖွဲ့ဝင်နိုင်ငံကောင်းတစ်နိုင်ငံအဖြစ်တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် အာဆီယံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ၊ အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေးနှင့် လုပ်သက်ရင့်အရာခံဗိုလ်များ အစည်းအဝေးများကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံ ကျင်းပပေးခဲ့သည့်အပြင် အာဆီယံဒေသတွင်း ဖိုရမ်ကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲ (ARFDOD) ကိုလည်း အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ခမ်းခမ်းနားနားဖြင့် အောင်မြင်စွာ လက်ခံကျင်းပပေးခဲ့ပါကြောင်း။

ယခု ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထူထောင်မည့် အာဆီယံအသိုက်အဝန်းအတွက် ၂၀၁၄ ခုနှစ်သည် အရေးကြီးသော ရွေ့ပြောင်းနှစ်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အရေးကြီးသည့် ၂၀၁၄ ခုနှစ်တွင် ကြီးလေးသော အာဆီယံဥက္ကဋ္ဌတာဝန်ကို မိမိတို့မြန်မာနိုင်ငံက အောင်မြင်စွာ ထမ်းဆောင်လျက်ရှိပါကြောင်း၊ ယခုကျင်းပနေသည့် အစည်းအဝေးသည် အာဆီယံဥက္ကဋ္ဌတာဝန်၏ ကာကွယ်ရေးဆိုင်ရာအပိုင်းကို မိမိတို့ တပ်မတော်က အောင်မြင်စွာ တာဝန်ယူဖော်ဆောင်နေခြင်းပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ လုပ်ငန်းတာဝန်များကို တာဝန်ယူလုပ်ကိုင်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာမှုများမှ အသီးအပွင့်များလည်း ဖြစ်ပါကြောင်း၊ တပ်မတော်အစိုးရက စေတနာမှန်ကန်စွာဖြင့် စနစ်တကျ အချိန်ယူပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီနိုင်ငံတစ်ရပ်အဖြစ် စတင်ပေါ်ပေါက်ခဲ့ပြီး အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို သိသာထင်ရှားစွာဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဦးစွာဆောင်ရွက်ခဲ့ရာတွင် ပြည်တွင်းနိုင်ငံရေး တိုးတက် ပြောင်းလဲမှုများသာမက နိုင်ငံတကာနှင့် ဆက်ဆံရေးများကိုလည်း တိုးတက်မှုများ များစွာရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးစုများစွာရှိသည့်နိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားလူမျိုးစုပြဿနာများ၊ လက်နက်ကိုင် ပဋိပက္ခများနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေး လုပ်ငန်းများကို တိုးတက်အောင်မြင်စွာ ဆောင်ရွက်လာနိုင်ခဲ့ပါကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်တွင် ထာဝရငြိမ်းချမ်းရေးရရှိရေးမှာ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားများလက်တွဲ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့်လူမှုရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများသာမက မိမိတို့တပ်မတော်အနေဖြင့်လည်း အာဆီယံနိုင်ငံများမှ တပ်မတော်များ၊ အိမ်နီးချင်းနိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံများမှ တပ်မတော်များဖြင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်ပြုပြင်ပြောင်းလဲမှုများ၊ အောင်မြင်မှုများသည် အာဆီယံအဖွဲ့ကြီးအတွက်လည်း ပုံရိပ်ကောင်းများ၊ အင်အားသစ်များ ဖြစ်ပေါ်စေခဲ့ပါကြောင်း။

ယခုအခါ အရှေ့တောင်အာရှ အပါအဝင် အာရှဒေသကြီးတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကြောင့် အာရှတိုက်သည် ကမ္ဘာ့စီးပွားရေး မောင်းနှင်အားဖြစ်လာပြီး တစ်ကမ္ဘာလုံးက ပိုပြီးအာရုံစိုက်လာကြပါကြောင်း၊ ယင်းနေရာတွင် မိမိတို့၏ အရှေ့တောင်အာရှဒေသသည် ပိုမိုအရေးပါသော အနေအထားကို ရောက်ရှိနေပါကြောင်း၊ မိမိတို့အဖွဲ့ဝင်နိုင်ငံများ ပို၍ စည်းလုံးညီညွတ်မှုရှိပါက ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အာဆီယံ အသိုက်အဝန်းကြီးသည် ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်ခိုင်မာအားကောင်းလာလေ ဖြစ်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် မိမိတို့အာဆီယံအသိုက်အဝန်းကြီး၏ ကာကွယ်ရေးနှင့် လုံခြုံရေးအပိုင်းများတွင် ပိုပြီးအရေးကြီးလာမည် ဖြစ်ပါကြောင်း၊ ပိုမိုခိုင်ခိုင်မာမာကာကွယ်နိုင်အောင်ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း။

မိမိတို့ တပ်မတော်များ၏ ပူးပေါင်းဆောင်ရွက်မှုများကို မည်ကဲ့သို့ စဉ်းစားကြမည်၊အကောင်အထည်ဖော်ရန် မည်သို့လုပ်ကြမည်ဆိုသည်များကို သေသေချာချာ စဉ်းစားဆုံးဖြတ် လုပ်ဆောင်ကြရမှာဖြစ်ပါကြောင်း၊ မိမိတို့၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းဝေစည်သည့် အာဆီယံအသိုက်အဝန်းကြီးပေါ်ပေါက်ရေးနှင့် ယင်းအသိုက်အဝန်းကြီး ရေရှည်ခိုင်ခံ့လုံခြုံစိတ်ချရရေးတို့အတွက် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး 11th ASEAN Military Intelligence Informal Meeting (AMIIM) အစည်းအဝေးခေါင်းဆောင် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် 4th ASEAN Military Operations Informal Meeting (AMOIM) အစည်းအဝေးခေါင်းဆောင် စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဗိုလ်ချုပ်မြထွန်းဦးတို့သည် အစည်းအဝေးရလဒ်များအား တင်ပြကြသည်။

ယင်းနောက် အစည်းအဝေး သဘာပတိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များက သက်ဆိုင်ရာ ခေါင်းစဉ်များအား ဆွေးနွေးကြသည်။

၎င်းနောက် အာဆီယံတပ်မတော်များ၏ ၂၀၁၄-၂၀၁၆ နှစ်နှစ်လုပ်ငန်းစီမံချက်အား ဆွေးနွေးကြပြီး 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) ပူးတွဲကြေညာချက်အတွက် ဆွေးနွေးကာ အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘော အစည်းအဝေး ပူးတွဲထုတ်ပြန်ချက် 11th ACDFIM ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အစည်းအဝေးနိဂုံးချုပ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဆွေးနွေးမှုများအားလုံး၏ ဦးတည်ချက်သည် ၂၀၁၅ ခုနှစ်တွင် ပေါ်ထွန်းလာတော့မည့် အာဆီယံအသိုက်အဝန်းကြီး ငြိမ်းချမ်းဝေစည်ရေးနှင့် ပိုမိုလုံခြုံခိုင်မာရေးကိုဦးတည်ပါကြောင်း။

နိုင်ငံတော်တစ်ခု၊ ဒေသတစ်ခု၏ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ရေးအတွက် လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ခိုင်ခိုင်မာမာရှိရန် လိုအပ်ပါကြောင်း၊ လုံခြုံမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုမရနိုင်သကဲ့သို့ ရရှိပြီးသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရန်မှာလည်း လုံခြုံရေးနှင့် ကာကွယ်ရေးခိုင်မာနေရန် အရေးကြီးပါကြောင်း။

ယခုဆွေးနွေးမှုများမှာ အရှေ့တောင်အာရှဒေသကြီး၏ လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လက်ရှိဆောင်ရွက်နေသော ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုထိရောက်အောင် ဘယ်လိုဆောင်ရွက်ကြမည်၊ ထပ်မံပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်အသစ်များကို ထုတ်ဖော်တင်ပြခြင်းနှင့် ယင်းနယ်ပယ်များမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်မည်များ ရှိခဲ့ပါကြောင်း။

အာဆီယံအဖွဲ့ကြီးသည် စစ်စာချုပ်အဖွဲ့ မဟုတ်သည့်အတွက် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် စစ်စာချုပ်အဖွဲ့ကဲ့သို့ ဆောင်ရွက်၍မရနိုင်ပါကြောင်း၊ သို့သော်လည်း ဒေသကြီးအတွင်း၌ရှိသော နိုင်ငံများတွင် ကျရောက်တတ်သည့် သမားရိုးကျမဟုတ်သော ကာကွယ်ရေးကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အရည်အချင်းပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်လည်း သင်တန်းများနှင့် လက်တွေ့လေ့ကျင့်မှုများကို ထိထိရောက်ရောက်လုပ်ဆောင်ခြင်း၊ စနစ်တကျ လုပ်ဆောင်နိုင်ရန် စံပြုလုပ်ငန်းစဉ်များချမှတ်ခြင်းများကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

သဘာဝ ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းစဉ်များသည် ထိခိုက်မှုအတိုင်းအတာအရ ပမာဏများနိုင်သကဲ့သို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ဆောင်ရန်ကဏ္ဍများကလည်း များပြားပါကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၏ ဥပဒေများ၊ ဓလေ့များအရလည်း ပူးပေါင်း ဆောင်ရွက်မှုကဏ္ဍတွင် အဆင်မပြေမှုတွေ မဖြစ်အောင် လုပ်ဆောင်ရမှုများရှိနိုင်သည့်အတွက် ယင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းများနှင့် လေ့ကျင့်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အလားတူ နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သောလူမှောင်ခိုမှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါး၊ တရားမဝင်အလုပ်သမားပြဿနာ၊ တရားမဝင် ဝင်ရောက်အခြေချနေထိုင်မှုများနှင့် နည်းပညာခေတ်ကြီးတွင် အရေးကြီးသည့် ဆိုက်ဘာတိုက်ခိုက်မှုများသည် နိုင်ငံတစ်နိုင်ငံတည်းမှ ဖြေရှင်းခြင်းထက် နိုင်ငံများစုပေါင်း ဖြေရှင်းရမည့်ပြဿနာများ ဖြစ်ပါကြောင်း၊ ယင်းပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်မှသာ အာဆီယံအသိုက်အဝန်းလုံခြုံရေးသည် ပိုပြီးတိုးတက်လာမှာဖြစ်သကဲ့သို့ လူမှုစီးပွားနယ်ပယ်သည်လည်း ပိုမိုတည်ငြိမ်တိုးတက်လာမည်ဖြစ်ပါကြောင်း။

ယခုလိုပြဿနာများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် တစ်ခါတစ်ရံ၌ မိမိနိုင်ငံ၏ အကျိုးစီးပွားကိုသာ ဦးစားပေးလွန်းပါက အာဆီယံအဖွဲ့ကြီး၏ အကျိုးကို ထိခိုက်လာနိုင်ပါကြောင်း၊ ထိုအခြေအနေမျိုးတွင် မိမိနိုင်ငံ၏ အကျိုးစီးပွားနှင့်အာဆီယံအဖွဲ့ကြီးနှင့် အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားများအတွက် မျှတမှန်ကန်သည့် လုပ်ဆောင်မှုမျိုး လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့၏ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်သစ်များဖြစ်သော ဘာသာစကားသင်တန်းများ အပြန်အလှန်စေလွှတ်ခြင်း၊ ယဉ်ကျေးမှုဓလေ့များ ပိုမိုသိရှိနိုင်စေရန် တပ်မတော်ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်း၊ တပ်မတော်များ၏ ဖိတ်ခေါ်ချစ်ကြည်ရေးအားကစားပွဲများ၊ နှစ်စဉ်အားကစားပွဲများ ကျင်းပခြင်းအားဖြင့် တပ်မတော်သားများအကြား ရင်းနှီးချစ်ကြည်မှုများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

တပ်မတော်များ၏ ချစ်ကြည်စည်းလုံးမှုပိုမိုရရှိရေးသည် တပ်မတော်အသီးသီးမှ အဆင့်အတန်းအားလုံး မကြာခဏအပြန်အလှန် ထိတွေ့ဆက်ဆံမှု၊ အပြန်အလှန် လေးစားနားလည်မှု၊ အချင်းချင်း ထိတွေ့ဆက်ဆံမှုများမှ ရင်းနှီးချစ်ခင်သည့် သံယောဇဉ်တရားများရရှိပြီး တစ်ခုတည်းသော အာဆီယံဆိုသည့် ခံယူချက်မျိုးအထိ ရောက်ရှိအောင် ဆောင်ရွက်ပေးကြရမှာဖြစ်ပါကြောင်း။

အာဆီယံအဖွဲ့ကြီး၏ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများဖြစ်သည့် ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (ADMM)၊ အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFIM)၊ ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များ၏ အစည်းအဝေးများ စသည်ဖြင့်ရှိကြရာ ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူညီချက်များ၊ နှစ်နှစ်တာ၊ သုံးနှစ်တာလုပ်ငန်း စီမံချက်များ၊ ဆောင်ရွက်မည့် လုပ်ငန်းများအတွက် စံပြုလုပ်ငန်းစဉ် Standard Operating Procedure များ ချမှတ်နိုင်ခဲ့ကြသော်လည်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုတွင် အားနည်းချက်များရှိနေသေးသည်ကိုတွေ့ကြရပါကြောင်း၊ အလားတူ ယခုဆွေးနွေးခဲ့ကြသည့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်များ၊လုပ်ငန်းအသစ်များတွင်လည်း ဘယ်လိုလုပ်ဆောင်မည်ဆိုသည့် စီမံချက်များ (Plans of Action) အဆင့်မှ အမှန်တကယ် ဆောင်ရွက်မည့် အစီအမံများ (Action Plans) ချမှတ်ခြင်းအဆင့်ကို တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (Implementation) အပိုင်းများကို အလေးထားလုပ်ဆောင်သွားကြရမှာဖြစ်ပါကြောင်း။

ယနေ့ အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းလုပ်ဆောင်ကြရမှာ ဖြစ်သကဲ့သို့ တစ်နှစ်တာ ဆောင်ရွက်မှုများ၏ ရလဒ်များအရ ရှေ့တွင် ဆက်လက်ဆောင်ရွက်ဖွယ်ရာများကို ချမှတ်လုပ်ဆောင်ရန် ၂၀၁၅ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံ အနေဖြင့်လည်း ၂၀၁၅ ခုနှစ်အာဆီယံအသိုက်အဝန်းကြီးအတွက် အကောင်းဆုံးဆက်လက်ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် ထွက်ပေါ်လာတော့မည့် အာဆီယံအသိုက်အဝန်းကြီး ငြိမ်းချမ်းဝေစည်ရေးနှင့် အခိုင်အမာအဓွန့်ရှည်ရေးအတွက် လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို စည်းလုံးညီညွတ်စွာဖြင့် အရှိန်အဟုန်မြှင့်တင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် အလေးအနက်တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၁၅ ခုနှစ်တွင် 12th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tan Sri Dato' Sri(Dr.)Zulkifeli Bin Mohd Zin က လက်ခံနှုတ်ခွန်းဆက်စကား ပြောကြားသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် 12th ACDFIM အစည်းအဝေးအား သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်မည့် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tan Sri Dato'Sri (Dr.)Zulkifeli Bin Mohd Zin အား တာဝန်လွှဲပြောင်းခြင်း အထိမ်းအမှတ် လက်ဆောင်ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မလေးရှားတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Gen.Tan Sri Dato' Sri(Dr.) Zulkifeli Bin Mohd Zin တို့သည် တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အစည်းအဝေးအား အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်တွင်းသတင်း

ဗဟိုသန်းခေါင်စာရင်းကော်မတီမှ တိုင်းရင်းသားပြည်သူအပေါင်းတို့အား အသိပေးတင်ပြခြင်း

၁။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးမြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းအား မတ်လ ၃၀ ရက်နေ့တွင် စတင်တော့မည်ဖြစ်ပါသည်။

၂။ ဤလုပ်ငန်းစဉ်အတွက် တိုင်းရင်းသား ပြည်သူအပေါင်းတို့အား တာဝန်ရှိလူပုဂ္ဂိုလ်/အဖွဲ့အစည်းများစွာမှ နိုင်ငံတစ်ဝန်းဒေသအနှံ့ လှည့်လည်သွားရောက်၍ မြေပြင်ကွင်းဆင်းရှင်းလင်းခြင်းများအားလည်းကောင်း၊ သတင်းစာ၊ ဂျာနယ်၊ လေလှိုင်း၊ ရုပ်သံ၊ မေး၊ ဖြေကဏ္ဍအပါအဝင် လူထုဆက်သွယ်ရေးမီဒီယာနည်းလမ်းမျိုးစုံမှလည်းကောင်း တွေ့ဆုံရှင်းလင်းမှုများအား အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ယခုအခါ သန်းခေါင်စာရင်းလုပ်ငန်းစဉ် အဆင့်ဆင့်နှင့်ပတ်သက်၍ နိုင်ငံတော်မှ တာဝန်ပေးအပ်ထားခြင်းမရှိသော၊ နိုင်ငံတော်မှအခြေအနေအရပ်ရပ်နှင့်ကိုက်ညီသည့် ကျွမ်းကျင်သင်တန်းများပေးအပ်ထားခြင်းမရှိသော ပြည်ပမှ လူပုဂ္ဂိုလ်အချို့သည် ပြည်တွင်းရှိ အဖွဲ့အစည်းအချို့အား ခေါ်ယူတွေ့ဆုံရှင်းလင်းပြောကြားနေမှုများသည် ပြည့်စုံမှုမရှိခြင်း၊ ဘာသာရပ်ကျွမ်းကျင်မှုမရှိခြင်း၊ ဖော်ပြယူဆချက်များ လွဲမှားနေခြင်း၊ နားလည်မှုလွဲမှားရှုပ်ထွေးသွားခြင်းစသည်များဖြစ်ပေါ်လာနိုင်ပါသဖြင့်သန်းခေါင်စာရင်းအကြောင်း ထပ်မံသိရှိမေးမြန်းလိုသည်များ၊ မရှင်းလင်းသည်များရှိပါက နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးများတွင်လည်းကောင်း၊ အောက်ဖော်ပြပါနေရာများသို့လည်းကောင်း တိုက်ရိုက်ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့် နေ့/ညအချိန်အခါမရွေး ရှင်းလင်းတင်ပြရန် အစဉ်အသင့်ရှိနေပါကြောင်း တိုင်းရင်းသား ပြည်သူညီအစ်ကိုမောင်နှမ အပေါင်းတို့အား လေးစားစွာ အသိပေးတင်ပြ အပ်ပါသည်-

ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့အင်အားဦးစီးဌာန-၀၆၇-၄၃၁၀၆၂

ညွှန်ကြားရေးမှူးများ၊ ပြည်သူ့အင်အားဦးစီးဌာန-၀၆၇-၄၃၁၀၆၇၊၄၃၁၃၃၉

Website:www.dop. gov.mm

facebook: 2014 Myanmar Population and Housing Census

ဗဟိုသန်းခေါင်စာရင်းကော်မတီ

စာပေမြင့်မှ လူမျိုးတင့်မည်

မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများကောက်ယူပြုစုရေး ဗဟိုအဆင့်သင်တန်းဖွင့်

နေပြည်တော် မတ် ၅

မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ကောက်ယူပြုစုရေးဗဟိုအဆင့်သင်တန်းဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးအရာရှိများ၊ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက မိမိတို့နိုင်ငံ၏ဖွားသေမှတ်ပုံတင်ခြင်းစနစ် ပိုမိုအားကောင်းလာစေရန်နှင့် နိုင်ငံတကာအဆင့်မီသော စနစ်ဖြစ်စေရန် ရည်ရွယ်၍ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ယင်းအဖွဲ့ကိုလည်း ဗဟိုအဆင့်အပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းတာဝန်ပေးအပ်၍ လုပ်ငန်းအဆင့်အလိုက် အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အမျိုးသားစီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ကျန်းမာရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးပို့ချမှုများအပေါ် တက်ရောက်လာကြသည့် သင်တန်းသားများက လေ့လာမှတ်သားကာ ဖွဲ့စည်းမှုအဆင့်အလိုက် ပြန်လည်ဆွေးနွေးပို့ချသွားရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဆင့်ဆင့်၏ လုပ်ငန်းများထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ သင်တန်းသားများအနေဖြင့် ဘာသာရပ်အလိုက် သင်ခန်းစာများကို စနစ်တကျ လေ့လာမှတ်သားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ကျော့ဖုံးမှ*

ဦးသန့်ကျော်အား မတ် ၅ ရက် တွင် မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်-

ဆောက်လုပ်ခွင့်ပြုဖို့ ကိုရီးယားသမ္မတနိုင်ငံအနေနဲ့ နှစ်ပေါင်းများစွာ မြန်မာနိုင်ငံကို မေတ္တာရပ်ခံလာခဲ့ပါတယ်။

ဒါကြောင့် သေဆုံးခဲ့ရတဲ့သူတွေ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့ တွေ့ဆုံမေးမြန်းစဉ်။

မေး။ ၁၉၈၃ ခုနှစ်က အာဇာနည်ဗိမာန် ဗုံးခွဲတိုက်ခိုက်ခံရမှုမှာ သေဆုံးသွားခဲ့ရတဲ့ ကိုရီးယားလူမျိုးတွေအတွက် အထိမ်းအမှတ်တစ်ခုကို ကိုရီးယားသမ္မတနိုင်ငံကို ဆောက်လုပ်ခွင့်ပြုခဲ့တဲ့ အကြောင်းအရင်းလေးကို အရင်ဦးဆုံးပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ အခုလို အထိမ်းအမှတ်ဆောက်လုပ်ခွင့် ပြုရခြင်းဟာ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ နံနက် ၁၀ နာရီ ၂၅ မိနစ်မှာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးအဖြစ် လာရောက်ခဲ့တဲ့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံ အမျိုးသားခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို လာရောက်ဂါရဝပြုစဉ်မှာ ဗုံးဖောက်ခွဲတိုက်ခိုက်ခံရပြီး ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ဝင် ၁၇ ဦး သေဆုံးခဲ့ရပါတယ်။ မြန်မာဘက်က ဖိတ်ကြားလို့ ကိုရီးယားသမ္မတနိုင်ငံက သမ္မတနဲ့ ကိုယ်စားလှယ်အဖွဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ အဲဒီ သေဆုံးခဲ့တဲ့သူတွေအတွက် အထိမ်းအမှတ်တစ်ခုရဲ့ မိသားစုဝင်တွေအတွက် စာနာထောက်ထားတဲ့အနေနဲ့ ဆောက်လုပ်ခွင့်ပြုဖို့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့မှာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ သေဆုံးသွားတဲ့ ကိုရီးယားကိုယ်စားလှယ်အဖွဲ့ဝင်တွေရဲ့ မိသားစုဝင်တွေကို မြန်မာတို့ရဲ့စာနာထောက်ထားမှုကို ပြသပေးခြင်းလို့ ပြောလို့ရပါတယ်။ ပြီးတော့ မြန်မာနိုင်ငံကို လာရောက်တဲ့ ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာ ဗုံးဖောက်ခွဲတိုက်ခိုက်ခံရတာဖြစ်တာမို့ အိမ်ရှင်နိုင်ငံအနေနဲ့ အခုလို စီစဉ်ပေးခြင်းဟာ ကြောင်းကျိုးခိုင်လုံမှုရှိတယ်လို့ တင်ပြလိုပါတယ်။

အခုလို ခွင့်ပြုခြင်းဟာ နှစ်နိုင်ငံပြည်သူချင်းဆက်ဆံရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးအတွက် များစွာအထောက်အကူပြုမယ်လို့ ကျွန်တော်ဖြည့်စွက်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့ဟာ ၁၉၇၅ ခုနှစ်မှာ သံတမန်ဆက်သွယ်မှုစတင်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ တိုးတက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ ဆတက်ထမ်းပိုး တိုးတက်လာတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် မေလမှာ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်ဟာ မြန်မာနိုင်ငံကို နှစ်ပေါင်း ၃၀ အတွင်း ပထမဦးဆုံး လာရောက်ခဲ့ပါတယ်။ အပြန်အလှန်အနေနဲ့ နိုင်ငံတော်သမ္မတဦးသိန်းစိန်ဟာ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှာ ကိုရီးယားသမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါတယ်။ အဲဒီခရီးစဉ်အတွင်းမှာ ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံကို တရားဝင်ဖွံ့ဖြိုးမှုအကူအညီနဲ့ ကိုရီးယားသမ္မတနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေတို့ကို ပြန်လည်ပေးအပ်ဖို့ သဘောတူညီခဲ့ပါတယ်။ Korean Development Institute (KDI)လိုမျိုး မြန်မာနိုင်ငံမှာ Myanmar Development Institute (MDI) ဖွင့်လှစ်ရေးအတွက် သဘောတူညီခဲ့ပါတယ်။

ဒါ့အပြင် ဝန်ကြီးအဆင့်၊ ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) က တစ်ဆင့် အကူအညီပေးမှုတွေ၊ ဖောင်ကြီးနဲ့ လှည်းကူးမြို့တို့မှာ ဆမ်မားအွန်ဒုံးလို့ခေါ်တဲ့ စံပြကျေးရွာ တည်ထောင်မှုတွေစတဲ့ ထောက်ပံ့မှုတွေ၊ကူညီမှုတွေ များစွာပေးခဲ့ပါတယ်။

မေး။ အခု ဆောက်လုပ်ခွင့်ပြုတဲ့ အထိမ်းအမှတ် နေရာဟာ အာဇာနည်ဗိမာန် ပရဝဏ်အတွင်း ကျရောက်နေတယ်ဆိုပြီး ပြောဆိုကန့်ကွက်မှုတွေကို ကျွန်တော်တို့ ကြားသိရပါတယ်။ အဲဒါ ဟုတ်ပါသလား။ မဟုတ်ဘူးဆိုရင်လည်း အမှန်တကယ် တည်ဆောက်မယ့် နေရာက ဘယ်နေရာမှာလဲဆိုတာ သိလိုပါတယ် ခင်ဗျာ။

ဖြေ။ အခု ဆောက်လုပ်ခွင့်ပြုတဲ့ အထိမ်းအမှတ် နေရာက အာဇာနည်ဗိမာန် ပရဝဏ်အတွင်းမှာ မရှိပါဘူး။ ပရဝဏ်အတွင်း မဟုတ်ပါဘူး။ တည်နေရာအမှန်က သွေးဆေးကန်လမ်းဘေး၊ ရွှေတိဂုံစေတီတော်ကြီးရဲ့ မြောက်ဘက်မုခ်အရှေ့၊ ယာဉ်ရပ်နားကွင်းနဲ့ လုံခြုံ



ရေး အဆောက်အအုံကြားမှာဖြစ်ပါတယ်။

မေး။ အခု ဆောက်လုပ်မယ့် အထိမ်းအမှတ်က ဘယ်လိုပုံစံရှိပါသလဲခင်ဗျာ။ အဆောက်အအုံအနေနဲ့ ဆောက်လုပ်မှာလား။ ဘယ်လိုပုံစံနဲ့ ဆောက်လုပ်မှာလဲ ဆိုတာ ပြောပြပေးစေလိုပါတယ် ခင်ဗျာ။

ဖြေ။ သူတို့ ဆောက်လုပ်မယ့် အထိမ်းအမှတ်က အဆောက်အအုံမဟုတ်ပါဘူး။ တိုင်မပါ၊ အမိုးမပါ၊ အမြင့်ငါးပေသာရှိတဲ့ နံရံ တစ်ခုသာ ဖြစ်ပါတယ်။ အထိမ်းအမှတ်နံရံရဲ့ အတိုင်းအတာအတိအကျကတော့ အမြင့် ၁ ဒသမ ၅ မီတာ၊ အလျား ၉ မီတာ၊ အနံ ၁ မီတာ ဖြစ်ပါတယ်။ အဲဒီနံရံပေါ်မှာ သေဆုံးခဲ့ရတဲ့ ကိုရီးယားကိုယ်စားလှယ်အဖွဲ့ဝင် ၁၇ ဦးရဲ့ အမည်ကို ရေးသားထားမှာဖြစ်ပါတယ်။

မေး။ အခု ဆောက်လုပ်မယ့် အထိမ်းအမှတ်ကြောင့် အခုအခါ နှစ်စဉ်ကျင်းပနေတဲ့ အာဇာနည်နေ့ အခမ်းအနားကို အနှောင့်အယှက် ဖြစ်နိုင်မလား။ မဖြစ်ဘူးလားဆိုတာ သိလိုပါတယ် ခင်ဗျာ။

ဖြေ။ အနှောင့်အယှက် မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တည်နေရာက တခြားစီဖြစ်ပါတယ်။ အာဇာနည်ဗိမာန်ကို မြင်ကွင်းအရလည်း အတားအဆီးမဖြစ်ပါဘူး။ ဒါကြောင့် အာဇာနည်နေ့အခမ်းအနား ကျင်းပမှုကို လုံးဝအနှောင့်အယှက် မဖြစ်စေပါကြောင်း ဖြေကြားလိုပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်တောင်းမြစ် မြစ်ကွေးဖြတ်ခြင်းလုပ်ငန်းများစစ်ဆေး

ပဲခူး မတ် ၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၅ ရက် နံနက်က ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာသို့ ရောက်ရှိရာ ကွမ်းဆိပ်ကျေးရွာအုပ်စု၊ သူရဲသမိန်ကျေးရွာအုပ်စုမှ ကျေးရွာ ပြည်သူများနှင့်တွေ့ဆုံ၍**(ယာပုံ)**အမှာ စကားပြောကြားခဲ့သည်။ ကျေးရွာသူ ကျေးရွာသားများအနေနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားရန်၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက မိမိတို့အစိုးရနှင့်ပြည်သူများ ပူးပေါင်း၍ ဝိုင်းဝန်းတားဆီးကူညီ ဆောင်ရွက်ပေးကြရန်၊ ခေတ်မီသော စက်မှုလယ်ယာစနစ်ကို ပြောင်းလဲ ဆောင်ရွက်ပြီး အထွက်တိုးစပါးများ

အားစိုက်ပျိုးကြရန် မှာကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ကွမ်းဆိပ်ကျေးရွာအုပ်စုနှင့် သူရဲသမိန်ကျေးရွာအုပ်စုမှ ပြည်သူများက တင်ပြသည်များကို ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းစစ်တောင်းမြစ် မြစ်ကွေးဖြတ်ဖောက်ခြင်းလုပ်ငန်းသည် ဝေါမြို့နယ် သူရဲသမိန်ကျေးရွာနှင့် ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာအနီး အလျားမီတာ ၂၃၀၀၊ ၇၅၄၆ ပေ တူးရမည့် မြေကြီးကျင်းပေါင်း ၁၃၆၉၆၅ ကျင်းဖြစ်ပြီး လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်ဖြစ်ပြီး လုပ်ငန်းများအားလုံး မေလတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ယင်းစစ်တောင်းမြစ် မြစ်ကွေးဖြတ် ဖောက်လုပ်ခြင်းလုပ်ငန်းလုပ်ဆောင်သဖြင့် စစ်တောင်းမြစ်ဝှမ်းအောက်ဒေသတွင် ရေစီးဆင်းမှုမှန်ကန်လာစေခြင်း၊ မြစ်ကြောင်းပြောင်းလဲမှုကြောင့် လူနေအိမ်ခြေနှင့် စိုက်ပျိုးမြေများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်စေနိုင်ခြင်း၊ ရေလွှမ်းမိုးမှု လျော့နည်းစေသဖြင့် စိုက်ပျိုးမြေသစ်များပေါ်ထွန်းလာနိုင်စေခြင်း၊ မြစ်တွင်းသွားရေယာဉ်များအနေဖြင့် ခရီးလမ်းပန်းကွေ့ဝိုက်သွားလာနေကြရာမှ ခရီးလမ်းဖြောင့်တန်းတိုတောင်းလာစေကာ အချိန်နှင့်ငွေကြေးကုန်ကျမှု သက်သာစွာဖြင့် ရေလမ်းခရီးသွားလာမှု အဆင်ပြေချောမွေ့လာစေခြင်းစသည်ဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

သန့်စင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

“ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ”

“ International Women's Day ”

“ ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးရေး၊ အမျိုးသမီးများကို တန်းတူညီမျှ အခွင့်အရေးပေး ”

“Equality for women is progress for all ”

နေပြည်တော် ၈-၃-၂၀၁၄

မုတ္တမပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ပေါ်ထွန်းလာသည့် ဒီရေတောများ ထိန်းသိမ်းရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၅

ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီရေတောများ အပါအဝင် ကမ်းရိုးတန်းဂေဟစနစ်များ၏အရေးပါမှုကို ၂၀၁၂ ခုနှစ် ဇွန်လအတွင်း ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များက ထပ်မံအသိအမှတ်ပြုခဲ့ကြသည်။ ဒီရေတောများသည် ကုန်းတွင်းပိုင်းနှင့် အဏ္ဏဝါဂေဟစနစ်များအကြား ဆက်စပ်ပေးသည့်နေရာတွင် ရပ်တည်လျက်ရှိပြီး ကုန်းနေရေနေသတ္တဝါများနှင့်အပင်များ နှစ်မျိုးလုံးရှင်သန်ရပ်တည်နိုင်သည့် ဂေဟစနစ်များဖြစ်၍ မြေအသုံးချမှုပြောင်းလဲပြီးပါက ပြန်လည်တည်ထောင်ရန် ခက်ခဲသည့် ဂေဟစနစ်ဖြစ်သည်။

ဒီရေတောများမှ ဒေသခံပြည်သူများအသုံးပြုရန် ထင်း၊ မီးသွေး၊ တိုင်၊ မျော၊ ဆေးဖက်ဝင်အပင်များနှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူရရှိနိုင်သည်။ စိုက်ပျိုးမြေများအား ပင်လယ်ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်ပေးသည့် အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့်လည်း ဝင်ငွေရရှိစေနိုင်သည်။ ဒီရေတောများအနီးဝန်းကျင်ရှိ ဒေသခံပြည်သူများအား ဆူနာမီ၊ မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်အခါက ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ၌ သဘာဝဒီရေတောများ၏ တားဆီးကာကွယ်မှုကြောင့် အခြားကျေးရွာများ၌ ခံစားခဲ့ရသည့် သေကျေမှု၊ ထိခိုက်မှုမျိုး တွေ့ကြုံရခြင်းမရှိဘဲ နေအိမ်၊ အဆောက်အအုံအချို့သာ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မုတ္တမကမ်းရိုးတန်း၊ ကမ်းတက်မြေနေရာများတွင် ပေါ်ပေါက်လာသော ဒီရေတောများကို ပြည်သူလူထုဗဟိုပြု ဒီရေတောစီမံအုပ်ချုပ်မှု ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပြင်ကာကွယ်တောဖွဲ့စည်းနိုင်ရေးနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ ဆပ်ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် မတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းဒေသသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ကန်လျားရှည်၊ ရွာသစ်ကုန်း၊ ကညင်ပင်၊ အင့်ဟင်ကုန်းနှင့် လက်ခုပ်ကုန်းကျေးရွာတို့မှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး ထိုသို့တွေ့ဆုံရာ၌ **(ယာပုံ)** ဒုတိယဝန်ကြီးက ကမ္ဘာပေါ်၌ လူဦးရေ တစ်နေ့တခြားတိုးပွားလျက်ရှိသော်လည်း မြေဧရိယာမှာအကန့်အသတ်ဖြင့်သာရှိကြောင်း၊ လူသားတို့၏ ဘဝရှင်သန် ရပ်တည်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာ၌ မြေအသုံးချမှုများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်မှုမရှိပါက သဘာဝကပေးအပ်ထားသည့် သဘာဝအရင်းအမြစ်များ တစ်စတစ်စဆုတ်ယုတ်လာမည်ဖြစ်ပါကြောင်း၊ သဘာဝအရင်းအမြစ်များ ဆုတ်ယုတ်သည့်နည်းတူ သစ်တောသယံဇာတများပျက်စီးဆုံးရှုံးပါက ရာသီဥတုဖောက်ပြန်ပျက်စီး၍ ပြင်းထန်သော သဘာဝဘေးဒဏ်များကို တွေ့ကြုံခံစားရမှာဖြစ်ပါ

ကြောင်း၊ မြန်မာနိုင်ငံ၌ ၁၉၅၈ ခုနှစ်အချိန်ကာလက လူဦးရေသန်း ၂၀ ခန့်သာရှိသော်လည်း ယခုအချိန်ကာလတွင် လူဦးရေ သန်း ၆၀ အထိ ရှိလာပြီဖြစ်ကြောင်း၊ မြေဧရိယာမှာ ယခင်ကာလအတိုင်းသာ ဖြစ်သော်လည်း လူဦးရေတိုးပွားမှုကြောင့် မြေအသုံးချမှုပြဿနာများ ရှိလာကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည့်အတွက် ပြည်သူတို့၏ဆန္ဒနှင့် လိုလားချက်များအားဘက်စုံထောင့်စုံမှ ပြည့်စုံအောင် စုစည်းပြီးမှသာ အကောင်းဆုံးရလဒ်ကို ပြဿနာ အနည်းဆုံးနှင့် အကျိုးရှိဆုံးဖြစ်အောင် စဉ်းစားဆုံးဖြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ပြည်သူတို့၏ အခွင့်အရေးအားလုံးကို ဥပဒေမူဘောင်အတွင်းမှ ဆောင်ရွက်ပေးနိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ဒီရေတောတည်ရှိသည့် နိုင်ငံများတွင် သတ္တမမြောက် ဧရိယာအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် တိုင်းတာရရှိမှုများအရ ဒီရေတောဖုံးလွှမ်းမှုဧရိယာမှာ ဧကတစ်သန်းနှစ်သိန်းခန့်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပင်လယ်ရေဝင်သောနေရာများတွင်သာ ဒီရေတောသစ်တောကြီးများ ထီးထီးမားမားရှိသည်။ ရန်ကုန်တိုင်းဒေသကြီးသည် ပင်လယ်နှင့်ဆက်စပ်နေသော်လည်း ဒီရေတောများကို ကျယ်ကျယ်ပြန့်ပြန့် မတွေ့ရှိရဘဲ ပင်လယ်ရေဝင်သော မြစ်ချောင်းကမ်းပါးများ၌သာ တွေ့ရှိရပြီး လွန်ခဲ့သော ၁၀ နှစ်ခန့်ဝန်းကျင်မှစတင်၍ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ သုံးခွမြို့နယ်များ၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကမ်းတက်မြေများပေါ်ထွန်းခဲ့ပြီး ကမ်းတက်မြေများ၌ သဘာဝဒီရေတောများကို တွေ့မြင်လာရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များအတွင်း ကမ်းတက်မြေများ၌ ဖြစ်ထွန်းလာသည့် ဒီရေတောများ ထိန်းသိမ်းနိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တောဧရိယာဧက ၃၀၀၀ ဖွဲ့စည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖခင်အမည်မှန်

သဃ်န်းကျွန်းမြို့နယ်၊ အလက(၁)၊ အဌမတန်း(A)မှ မောင်ဝဏ္ဏထူး၏ ဖခင်အမည် မှန်မှာ ဦးကျော်မင်းထူး ဖြစ်ပါကြောင်း။

ဦးကျော်မင်းထူး ၁၂/သဃက(နိုင်)၀၄၂၃၄၇

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဝေဘာဂီ၊ မြေကွက်အမှတ် ၁၃၄၊ မြေကွက်တည်နေရာအမှတ် ၁၃၄၊ သပြေလမ်း၊(၇/ဝေဘာဂီ)၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်လှတုတ် စီအက်-၀၈၇၆၂၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်လှတုတ်၊ ဖခင် ဦးသိန်းမောင် ကွယ်လွန်သဖြင့် ဦးကျော်လတ် ၁/မကန(နိုင်)၀၁၉၁၃၃၊ ဒေါ်နီနီသိန်း ၁၂/ဥကမ(နိုင်)၀၃၈၈၅၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်း ၁/ခ(ခရေပင်ရိပ်မွန်အိမ်ရာ-၂) မြေကွက်အမှတ် ၆၀၊ ဧရိယာ ဝ.ဒသမ၀၁၈၈ဧက၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဗိုလ်မှူးကြီးတိုးအောင်(ငြိမ်း) ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (၉၁၇/၂၀၁၄) တင်ပြ၍ ဒေါ်ခင်မြတ်ညွှန့် ၁/မကန(နိုင်)၀၆၀၈၆၀ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့ဝင်များ အသုံးပြုရန် တူညီရဲဝတ်စုံ ပိတ်စ(ခဲ/ဖြူ/နက်ပြာ)များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** ၄-၃-၂၀၁၄ ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** ၁၄-၃-၂၀၁၄ ရက်

၄။ **ကုမ္ပဏီ၏ အချက်အလက်တင်ပြရန်နောက်ဆုံးရက်** ၁၇-၃-၂၀၁၄ ရက်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** ၁၈-၃-၂၀၁၄ရက်၊ နံနက် ၁၀နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင်ကျပ် ၁၀၀၀၀ နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ အမှတ်(၆)ရဲစခန်းဟောင်း၊ ဓနသိဒ္ဓိရပ်ကွက်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်း နံပါတ် ၀၆၇-၄၁၂၂၈၈၊ ၀၉-၄၁၀၀၁၆၈၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန







ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရမည်းသင်းမြို့ ရွှေမြင်တင်တောင်ခြေစောင်းတန်းမှ ရွှေလုပ်သားများ ငြိမ်းချမ်းစွာနေရပ်ပြန် ရွှေမြင်တင် တပေါင်းလပွဲတော်ကို အစဉ်အလာမပျက် ကျင်းပမည်

နေပြည်တော် မတ် ၅

ရမည်းသင်းမြို့ ရွှေမြင်တင်တောင်ခြေစောင်းတန်းတွင် ရွှေလုပ်သားများ နေထိုင်လျက်ရှိခြင်းကြောင့် ရွှေမြင်တင်ဘုရား တပေါင်းပွဲတော်ကျင်းပရန် အခက်အခဲရှိခဲ့သဖြင့် ရမည်းသင်းမြို့ခံ လူထုနှင့်ဆရာတော်၊ သံဃာတော်များ၏ ဆန္ဒအရဖယ်ရှားပေးရန်အတွက် မတ် ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ သိမ်ကုန်း၊မြင်းနား၊သဲချောင်းကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ရွှေမြင်တင်တောင် ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

> **ဆရာတော်တို့ရောက်ရှိပြီး ရွှေလုပ်သားများအား နေရပ်သို့ပြန်ရန် ဩဝါဒပေးခြင်း၊ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီနှင့် မိုးထိမိုးမိရွှေတောင်ကြီး ဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းတို့က နေရပ်ပြန်လိုသူများအား မိသားစုတစ်စုလျှင် ငွေကျပ် ငါးသိန်းထောက်ပံ့ပေးမည်ဟု ပြောကြားခြင်းတို့ကြောင့် ရွှေလုပ်သားများက ဆရာတော်၏ဩဝါဒခံယူပြီး နေရပ်ပြန်ရန် သဘောတူညီ**

မိုးထိမိုးမိရွှေလုပ်သားများ ရွှေမြင်တင်တောင်ခြေစောင်းတန်းတွင် ယခုကဲ့သို့ ရွှေလုပ်သားများနေထိုင်ခြင်းကြောင့် ဘုရားပွဲတော်တွင် ဈေးဆိုင်ခန်းများ နေရာချထားပေးရန် အခက်အခဲရှိခြင်း၊ ဘုရားပွဲလာပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘုရားပွဲတော်မကျင်းပနိုင်ဖြစ်မည်ကို မြို့ခံလူထုက စိုးရိမ်ပူပန်ကြခြင်းတို့ကြောင့် ဆရာတော်များက နှစ်ကြိမ်၊ ဂေါပကအဖွဲ့က နှစ်ကြိမ်၊ ပတ်ဝန်းကျင်ကျေးရွာများက နှစ်ကြိမ်မေတ္တာရပ်ခံခဲ့ကြောင်း သိရှိရသည်။

ထိုသို့ မေတ္တာရပ်ခံချက်အရ ၎င်းတို့ဖယ်ရှားခြင်း မပြုပါက ဆရာတော်များ၊ ရမည်းသင်းမြို့ခံလူထု၏ဆန္ဒအရ ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြီးနောက် ဆရာတော်များကလည်း မိမိတို့နေရပ်အသီးသီးသို့ပြန်ရန် ထပ်မံဩဝါဒပေးခဲ့သော်လည်း ရွှေလုပ်သားများက လက်မခံဘဲ အဖမ်းခံမည်ဟုပြောသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် သတ်မှတ်ပေးထားသည့် မော်တော်ယာဉ်များပေါ်သို့ တက်ရောက်ကြကြောင်း၊ ထို့နောက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ရွှေမြင်တင်တောင်ခြေမှ ရမည်းသင်းမြို့မရဲစခန်းသို့ရောက်ရှိခဲ့ကြောင်း၊ ထိုအဖွဲ့တွင် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၇ ဦး၊ ကလေး ၁၁ ဦး ပါရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့အနက် ဒေါ်ညိမ်းမိ အသက် ၇၆ နှစ်မှာ ကျောက်ကပ်ရောဂါရှိသည့်အတွက် ရမည်းသင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိသည်။ အမျိုးသမီးလေးဦးနှင့် ကလေး ၁၀ ဦးကို မြို့မရဲစခန်းဓမ္မာရုံ၌ ခေတ္တနေထိုင်ရန်စီစဉ်ပေးထားသည်။ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၁ ဦးအား ရဲစခန်းတွင် ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

မတ် ၅ ရက် နံနက် ၁၁ နာရီခွဲတွင် ခရိုင်သတင်းထုတ်ပြန်ရေးအဖွဲ့က မြို့နယ်သံဃနာယက ဆရာတော်များ၊ မြို့မိမြို့ဖများ၊ မြို့ခံလူထုများ၊ ဒေသခံသတင်းသမားများအား ငြိမ်းချမ်းစွာဖြေရှင်းရေးနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည့်ကိစ္စများအား ရှင်းလင်းအသိပေးခဲ့သည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် မြို့မရဲစခန်းသို့ မြို့နယ်သံဃနာယကအဖွဲ့ဝင် ထီးနီကျောင်းတိုက်ဆရာတော်နှင့် သိမ်ကုန်းကျောင်းတိုက် ဆရာတော်တို့ရောက်ရှိပြီးရွှေလုပ်သားများအား နေရပ်သို့ပြန်ရန်ဩဝါဒပေးခြင်း၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီနှင့် မိုးထိမိုးမိရွှေတောင်ကြီး ဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းတို့က နေရပ်ပြန်လိုသူများအား မိသားစုတစ်စုလျှင် ငွေကျပ် ငါးသိန်းထောက်ပံ့ပေးမည်ဟု ပြောကြားခြင်းတို့ကြောင့် ရွှေလုပ်သားများက ဆရာတော်၏ဩဝါဒခံယူပြီး နေရပ်ပြန်ရန် သဘောတူညီသဖြင့် သက်ဆိုင်ရာမှ စီစဉ်ပေးသောယာဉ်များဖြင့် ညနေပိုင်းတွင် နေရပ်အသီးသီးသို့ ပြန်သွားကြောင်းသိရသည်။

ရွှေမြင်တင်တောင်ခြေစောင်းတန်းများတွင် နေထိုင်လျက်ရှိသော ရွှေလုပ်သားများအား တာဝန်ရှိသူများက ငြိမ်ချမ်းစွာဆွေးနွေးဖယ်ရှားနိုင်ခဲ့ကြောင်းနှင့် နှစ်ပေါင်းရာချီကျင်းပခဲ့သော ရွှေမြင်တင်တပေါင်းလပွဲတော်မှာ အစဉ်အလာမပျက် ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ခရိုင် ပြန်/ဆက်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၂၅၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၂၄၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၂၄၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၇	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၁	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၇-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၁၀၀-၃၆၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၃၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၆၀၀၀-၇၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၉၈၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၆၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၇၀၀
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၅၀-၅၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၇၅၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၇၄၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၈၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၇၀၀
၁၂။ သကြား	တစ်ပိဿာ	၈၂၀-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

စက်မှုသီးနှံဆိုင်ရာ နည်းပညာပေးသင်တန်း မုံရွာမြို့၌ဖွင့်

မုံရွာ မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူးဆောင်ရွက်သော စက်မှုသီးနှံဆိုင်ရာနည်းပညာပေးသင်တန်းဖွင့်ပွဲကို မတ် ၁ နံနက် ၁၀ နာရီက ခရိုင်သင်တန်းခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်က အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက်မုံရွာခရိုင်ဦးစီးမှူး ဒေါ်ခင်မြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မုံရွာခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ မုံရွာခရိုင်ရှစ် မြို့နယ်မှ မြို့နယ်ဦးစီးမှူးများနှင့်သင်တန်းသားတောင်သူ ၄၀ တို့တက်ရောက်ခဲ့ကြကြောင်းနှင့် အဆိုပါသင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး တောင်သူများအား တိုက်ရိုက်ပို့ချသည့် ပထမအကြိမ်သင်တန်းဖြစ်ကြောင်း သိရသည်။ (၀၄၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင် ၃လမ်း၊ အမှတ်(23)D 3/4 ယောင်ကောင်(နှစ်လွှာ) တိုက်ခန်း(တစ်ခန်း)နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တိုက်ခန်းအတွင်းရှိ စွဲကပ်ပစ္စည်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်သက်သက်အောင် ၉/မထလ(နိုင်)၀၀၀၄၄၃ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းမူရင်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်အေးအေးရီ LL.B — **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**

ဒေါ်လှလှခိုင် LL.B — **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆လမ်း (အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)
ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)အတွက် အောက်ဖော်ပြပါပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းအမည်
(၁)	မျက်နှာကြက်တပ်ဆင်ခြင်းနှင့် အတွင်းနံရံဆေးသုတ်ခြင်း
(၂)	မီးလိုင်းဆက်သွယ်မှုတပ်ဆင်ခြင်း
(၃)	ရေစီးရေလာကောင်းစေရန်နှင့် တံစက်မြိတ်၊ ရေမြောင်းများပြုလုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၇-၃-၂၀၁၄ ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၈၁-၂၁၂၄၁၉၆
ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)

လူပျောက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၂၆)နေ ဦးခင်မောင်အေး အသက်(၆၅)နှစ် အရပ်၅ပေ၉လက်မ၊ အသားဖြူဖြူ၊ ဝဲဘက်လက်ဖျံပေါ်တွင် အသည်းပုံမြားစိုက်တက်တူးအမှတ်အသားရှိ၊ ကိုယ်လုံးပြည့်ပြည့်၊ ထိပ်ပြောင်၊ Power မျက်မှန်တပ်သူသည် နေအိမ်မှ နံနက် ၄း၃၀ နာရီနှင့် ၇ နာရီကြားတွင် စက်ဘီးနှင့် ထွက်သွားပြီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်နှင့် လက်ခံသူအား ထိုက်တန်စွာ ကျေးဇူးဆပ်မည်ဖြစ်ပါသည်။

ဆက်သွယ်ရန်- ဒေါ်အေးရွှေ

ဖုန်း-၀၉-၄၀၁၅၂၆၈၃၆၊ ၀၉-၇၃၁၆၃၂၂၆



အမြန်ပြန်လာပါ

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ခိုင်ဇာသွယ် ၁၂/စခန(နိုင်)၀၆၅၄၈၀ သည် အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် အမြန်ပြန်လာပါ။ လက်ခံထားသူများအား ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း။

ဦးဇီဝကထော
ဖုန်း-၀၉-၅၄၀၄၄၄၁

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

တာချီလိတ် မတ် ၅

မတ် ၄ ရက် ညနေ ၃ နာရီခွဲခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်ကျော်သူ ဦးစီးသော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့အဝင် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေစဉ် မိုင်းကိုးကျေးရွာဘက်မှ တာချီလိတ်ဘက်သို့ လောတာမောင်းနှင်လာပြီး မဒေါ်တာ လိုက်ပါလာသည့် ၄၇/---- မတ်တူးအမျိုးအစား အဖြူရောင်မော်တော်ယာဉ်ကို မသင်္ကာသဖြင့် သက်သေများရှေ့မှောက်တွင် ရှာဖွေစစ်ဆေးရာ မော်တော်ယာဉ်အင်ဂျင်ခန်း အဲယားကလန်နာအတွင်း အဖြူရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်သွင်းသိုဝှက်ထားသည့် မက်အက်ဖီတမင်း(အိုက်စ်) ပုံဆောင်ခဲအလေးချိန် တစ်ကီလိုဂရမ်ခန့် ကာလတန်ဖိုး ကျပ်သိန်း ၂၃၀ ကို ဖမ်းဆီးရခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများကို သယ်ဆောင်လာကြသည့် လောတာ (၃၅ နှစ်) ခွေခါးကျေးရွာ မိုင်းဇင်းအုပ်စု ကျိုင်းတုံမြို့နယ်နေသူနှင့် မဒေါ်တာ (၂၀ နှစ်) ရန်ရင်း(၃) ကျေးရွာ မိုင်းကိုးအုပ်စု တာချီလိတ်မြို့နယ်နေသူတို့ကို တာချီလိတ်မြို့မ ရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မီးငြိမ်းသတ်ယာဉ်များလွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၅

ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာနသို့ မီးငြိမ်းသတ်ယာဉ်ရှစ်စီးလွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၌ကျင်းပရာ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးတို့ အမှာစကားပြောကြားကြပြီး ညွှန်ကြားရေးမှူးချုပ်က မီးငြိမ်းသတ်ယာဉ်ရှစ်စီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် မီးငြိမ်းသတ်ယာဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(သတင်းစဉ်)**

၂၂ ဘီးထွေလာယာဉ်နှင့် ၁၂ ဘီးကုန်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်

ရေတာရှည် မတ် ၅

မတ် ၃ ရက် ည ၈ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက် ရန်ကုန်-မန္တလေး ကားလမ်း လှေကွဲတံတားအနီးတွင် ၂၂ ဘီး ကုန်တင်ထွေလာယာဉ်နှင့် ၁၂ ဘီးကုန်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောက်မှတောင်သို့ ချစ်မင်းထက် မြင်းခြံမြို့နေသူ မောင်းနှင်သော နီဆန်း ၅ခ/--- ၁၂ ဘီး ကုန်တင်ယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၈၉/၃)လှေကွဲတံတားအနီးအရောက် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ စိုးမင်းလတ် (၂၇ နှစ်) တောင်ပိုင်းရပ်နေသူ မောင်းနှင်လာသော ကီယာအမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသော ယာဉ်နောက်လိုက် ဇော်ဝင်း (၂၇ နှစ်) မြင်းခြံမြို့နေသူတွင် နာကျင်ဒဏ်ရာအချို့ ရရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ဖြိုးလွင်အောင်(ဆွာ)**

အမြန်လမ်းတွင် ဘီးပေါက်ပြီး ယာဉ်ငယ်တစ်စီးတိမ်းမှောက် မောင်းနှင်သူထွက်ပြေး

ရေတာရှည် မတ် ၅

ရေတာရှည်မြို့နယ် ဖြတ်သန်းသွားသော ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၆၂/၃) နှင့် (၁၆၂/၄) အကြားတွင် မတ် ၁ ရက် ညနေ ၃ နာရီ ၅၅ မိနစ်ခန့်က ယာဉ်ငယ်တစ်စီး ဘီးပေါက်ကာ တိမ်းမှောက်သွားခဲ့ပြီး မောင်းနှင်သူမှာ ယာဉ်ကိုထား၍ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

သာဂရ အမြန်လမ်းရဲစခန်း အပိုင်အမြန်လမ်းမကြီး မိုင်တိုင် (၁၆၃/၃)၊ (၁၆၂/၄) အကြားတွင် ယာဉ်တစ်စီး တိမ်းမှောက်နေကြောင်း သတင်းအရ တာဝန်ကျရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်ဘက်မှ နေပြည်တော်သို့ မောင်းနှင်လာသော ခဲငွေရောင်ယာဉ်မှာ ရှေ့နှင့်နောက် ယာဘက်ဘီးများပေါက်ကာ လမ်း၏ ယာဘက် ပေ ၁၀၀ ခန့်အကွာတွင် တိမ်းမှောက်နေသည်ကို တွေ့ရှိခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိချိန်တွင် ယာဉ်မောင်းနှင်သူကိုလည်းကောင်း၊ ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်းကောင်း မတွေ့ရတော့ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောပြသည်။ ''ယာဉ်နံပါတ်က နှစ်ခုမြင်သာအောင် ကပ်ထားတဲ့ နံပါတ်က ၅ယ/---တပ်ထားတယ်။ အောက်ခံမှာကျတော့ ၈ဆ/--- ဖြစ်နေတော့ တရားဝင်ယာဉ် ဟုတ်မဟုတ်ကို ကြည့်နမှာစုံစမ်းရမှာ'' ဖြစ်ကြောင်း အမှုစစ်ရဲအရာရှိက ပြောပြသည်။ အဆိုပါဖြစ်စဉ်ကို သာဂရအမြန်လမ်းရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြိုးလွင်အောင်(ဆွာ)

တမလန်းသစ်များ သိမ်းဆည်းရမိ

ကသာ မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ဒိုးပင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းပေါ်ရပ်ထားသော ကားပေါ်မှ တရားမဝင် တမလန်းသစ်ခွဲ ရွှေတုံး ၁၃၉ လုံးတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် နံနက် ၅ နာရီခွဲက ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်စိုးနှင့်အဖွဲ့သည် ခန်သာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ သတင်းအရ သက်သေများနှင့်အတူ ဒိုးပင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ကားလမ်း ၁၀၆ မိုင် ၃ ဖာလုံနေရာတွင် ရပ်ထားသည့် ယာဉ်မောင်း မောင်ထွန်း မောင်းနှင်လာသည့် ယာဉ်အမှတ် ၉ယ/. . . FUSO အမျိုးအစား ၁၂ ဘီးယာဉ်ကိုစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်တမလန်း ခွဲရွှေတုံး ၁၃၉ တုံး ၈ ဒသမ ၂၆၉၈ တန်၊ ကာလတန်ဖိုး ၂၄၈၀၇၀၀ ခန့်ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တမလန်း ခွဲရွှေတုံးများနှင့်အတူ တင်ဆောင်ထားသည့် ယာဉ်ကို မြို့နယ်သစ်တောဦးစီးဌာနသို့ အပ်နှံထားရှိပြီး သစ်ပိုင်ရှင် ဖိုးနီ(၃၉ နှစ်) သခင်ဖိုးလှကြီးလမ်း စက်မှု(၁) ရပ်ကွက် မန္တလေးမြို့နှင့် ယာဉ်မောင်း မောင်ထွန်း (၂၉ နှစ်) ရွှေဂွန်းကျေးရွာ ကျောက်မြောင်းအုပ်စု ရွှေဘိုမြို့နယ်နေသူတို့နှစ်ဦးကို ကောလင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

လူသတ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးရန် ကြိုးပမ်းသူကို ဖမ်းဆီး

မြဝတီ မတ် ၅

ကရင်ပြည်နယ် မြဝတီမြို့ ကားဝပ်ရှော့ရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၂၇ ရက် ည ၁၀ နာရီက လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူကို ၁၆ နာရီအတွင်း ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် မိဋ္ဌာန်အောင်လမ်းသွယ်(၁)နေ ထွန်းကိုကို (၂၄ နှစ်)သည် အသိဖြစ်သူ ကိုဖိုးစနေ၊ ကိုလှမြင့်တို့နှင့် တွေ့ရှိစဉ် ကိုဖိုးစနေက ၎င်း၏ ကားပျက်နေသဖြင့် ပြင်ပေးရန် အကူအညီတောင်းခံရာ ထွန်းကိုကိုက အမှတ်(၅)ရပ်ကွက်ရှိ အဘိုးကြီးကားဝပ်ရှော့ရုံသို့ခေါ်သွားသည်။

ထို့နောက် ကားပြင်နေစဉ် ဖိုးစနေနှင့် ကိုလှမြင့်တို့နှစ်ဦး စကားများကြရာ ဖိုးစနေက ကိုလှမြင့်ကို ပါးရိုက်လိုက်သဖြင့် ကိုလှမြင့်က အနီးတွင်ရှိသော တူဖြင့် ဖိုးစနေ၏ ဦးခေါင်းနောက်စေ့ကို တစ်ချက်ထုပြီး ၄က်ကြီးတောင်ဓားဖြင့် ဆက်လက်ခုတ်ရာ ဖိုးစနေသေဆုံးခဲ့သည်။ လှမြင့်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဥပဒေအရ အရေးယူပေးရန် ထွန်းကိုကိုက တရားလိုပြုလုပ် တိုင်ကြားသဖြင့် မြဝတီမြို့မရဲစခန်းက အမှုဖွင့်ခဲ့သည်။

အမှုမှ ထွက်ပြေးသွားသူကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မြဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်၏ စီစဉ်ညွှန်ကြားမှုဖြင့် မြဝတီမြို့နယ်ရဲတပ်ဖွဲ့က မြို့ပေါ်ရပ်ကွက်များနှင့် ဆက်စပ်ကျေးရွာများအတွင်း စုံစမ်းထောက်လှမ်းရှာဖွေစဉ် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သောင်ရင်းကမ်းစပ်တစ်နေရာ၌ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးလွတ်မြောက်ရေး ကြိုးပမ်းနေသည့် လှမြင့်ကို ပူးပေါင်းအဖွဲ့က တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

အမြန်ဆုံးဆက်သွယ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်အမှတ် ၈၃၇၊ မြေအမည်ပေါက် ဦးဝင်းပါမစ်နှင့်စာရွက်စာတမ်းမူရင်းရှိသူမှ အမြန်ဆုံးဆက်သွယ်ပါရန်။

ဆက်သွယ်ရန် ဖုန်း - ၀၉-၅၀၆၃၄၀၁၊ ၀၉-၇၃၁၅၄၇၀၁၊ ၀၉-၅၁၀၀၈၀၈၊ ၀၉-၄၂၅၀၁၄၁၉၇

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေဘို၊ မြေကွက်/ဦးပိုင်အမှတ် ၆၅၊ ၆၆၊ ၇၂ᵏ၊ ဧရိယာ ၀ ဒသမ ၆၄၂ ဧကရှိ ဦးကျော်သန်း(ပါ)-၂ အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်တိုးတိုးမာ ၉/ပမန(နိုင်)၀၀၄၆၂၁ (ဘ)ဦးတင်အောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပိုင်ဆိုင်ကြောင်း ကြေညာချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းကိုနိုင် ၁၂/ဒဂတ(နိုင်)၀၇၃၁၀၁၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၁၆၀၁၇**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ်လွှတ်တော်ရုံးဝင်းတွင် ခွင့်ပြုရန်ပုံငွေဖြင့် ကားဂိုဒေါင်နှင့် နားနေဆောင် တည်ဆောက်ရန်ရှိပါသည်။ ယင်းလုပ်ငန်းအတွက် ဆောင်ရွက်လိုသူ တိုင်းရင်းသားလုပ်ငန်းရှင်များ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	- ၅-၃-၂၀၁၄ရက်မှ ၁၁-၃-၂၀၁၄ရက်အထိ
တင်ဒါလျှောက်လွှာ နောက်ဆုံးတင်ရမည့်ရက်	- ၁၁-၃-၂၀၁၄ရက် ၁၆း၀၀နာရီ
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ	- ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ စီမံရေးရာဌာန
ဆက်သွယ်ရန် ဖုန်း	- ၀၈၁-၂၁၂၁၀၆၃ (ရုံးချိန်အတွင်း)

ပျောက်ဆုံးကြောင်း

ကျွန်မ လုလုပန် ၁/မကတ(နိုင်)၀၇၁၅၄၅၏ ပတ်စ်ပို့NO.MA 243650 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၄၂၀၃၀၇၇၃၄ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/3781 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/9049၊ ၇ဂ/၉၀၄၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းဆရာများ လူတွေ့စစ်ဆေးမည့်ကိစ္စကို အသိပေးကြေညာခြင်း

ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားသူများကို ၂၅-၃-၂၀၁၄ရက်(အင်္ဂါနေ့) ၂၆-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ဤဦးစီးဌာနရှိ စံကားဖြူခန်းမနှင့် အထက(၃) ကြည့်မြင်တိုင်တွင် လူတွေ့စစ်ဆေးမည်ဖြစ်၍ မူရင်းအထောက်အထားများနှင့် လာရောက်ကြရမည်။

အဖွဲ့ကိုးဖွဲ့ဖြင့် စစ်ဆေးမည်ဖြစ်ပြီး မိမိပါရှိမည့် အဖွဲ့အမှတ်ကို ၂၀-၃-၂၀၁၄ရက်တွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန၌ ကြေညာမည်။

သတ်မှတ်ရက်တွင် လူတွေ့စစ်ရန် မရောက်ရှိပါက လျှောက်ထားသူ၏တာဝန်ဖြစ်ပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်
အမှတ်(၃)အခြေခံပညာဦးစီးဌာန

နိုင်ငံတကာအားကစား

အာဆင်နယ်နဲ့ မန်စီးတီးတို့ ကျော်ဖြတ်ရမယ့် အက်ဖ်အေကွာတားပွဲစဉ်များ

မိုးမြင့်လင်းလက်

အက်ဖ်အေဖလားကွာတားဖိုင်နယ်တွေကို မတ် ၉ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်လို့ အက်ဖ်အေဖလားကို မျှော်မှန်းနေတဲ့ မန်စီးတီး၊ အဲဒီဖလားရအောင်ယူဖို့ အားထုတ်နေတဲ့ အာဆင်နယ်တို့ရဲ့ စွမ်းဆောင်မှုတွေ ဘယ်လောက်အထိကောင်းတယ်ဆိုတာ မြင်တွေ့ရတော့မှာပါ။ သမိုင်းအစဉ်အလာကြီးမားတဲ့ အက်ဖ်အေဖလားနဲ့ ထိုက်တန်တဲ့အသင်းဟာ ဘယ်အသင်းဖြစ်မလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

မန်စီးတီးနှင့် ဝီဂန်

ကက်ပီတယ်ဝမ်းဖလားရယူပြီးဖြစ်တဲ့ မန်စီးတီးဟာ အခုအက်ဖ်အေဖလားကို ပစ်မှတ်ထားနေပြီဖြစ်ပါတယ်။ မန်စီးတီးဟာ ဝီဂန်ကို ပရီမီယာလိဂ်ပွဲစဉ်မှာ ငါးဂိုးပြတ်သွင်းယူကာ ချေမှုန်းထားတာမို့ အခုပွဲအိမ်ကွင်းမှာလည်း ထပ်မံသင်ခန်းစာပေးဦးမှာပါ။ ဒါပေမယ့် ဝီဂန်ရဲ့နောက်ဆုံးကစားခဲ့တဲ့ ရှက်ဖ်ဖီး၊ ကာဒစ်ဖ်၊ ဘန်စလေ၊ ဘရိုက်တန်အသင်းတွေကို အကုန် အနိုင်ယူထားခဲ့တဲ့ ခြေစွမ်းရှိနေပါတယ်။ မန်စီးတီးတို့ကတော့ နောက်ဆုံး ငါးပွဲမှာနိုင်ပွဲ၊ သရေပွဲ၊ ရှုံးပွဲတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်ဘောလုံးရာသီမှာ ဖလားသုံးလုံးရယူဖို့ကြိုးစားနေတဲ့ မန်စီးတီးရဲ့ ခြေစွမ်းနဲ့ စိတ်ဓာတ် ပြင်းထန်မှုကို ဒီပွဲမှာအသိအမှတ်ပြုရမှာပါ။

အာဆင်နယ်နှင့် အဲဗာတန်

အိမ်ရှင်အာဆင်နယ်တို့ကတော့ မန်ယူ၊ လီဗာပူး၊ ဘိုင်ယန်မြူးနစ်၊ ဆန်းဒါးလန်းနဲ့ စတုတ်တို့လို အသင်းတွေနဲ့ ဆက်တိုက်ဆင်နွှဲခဲ့ရလို့ ပွဲပန်းနေပါတယ်။ အာဆင်နယ်ဟာ အိမ်ကွင်းမှာ အဲဗာတန်ကိုလက်ခံကစားတိုင်း သရေပွဲတွေနဲ့ချည်း အဆုံးသတ်ခဲ့ရတာမို့ ဒီပွဲမှာလည်း အာဆင်နယ်ပရိသတ်တွေ ပူပင်စိတ်ဖြစ်ကြရဦးမှာပါ။ ဒီနှစ်ဘောလုံးရာသီအတွက် မျှော်မှန်းလို့ရနိုင်တဲ့ အက်ဖ်အေဖလားကို အာစင်ဝင်းဂါး မျှော်လင့်နေတာမို့ အဲဗာတန်ကို အနိုင်ကစားဖို့ပြင်ဆင်ပါလိမ့်မယ်။အဲဗာတန်တို့ကတော့ နောက်ဆုံးငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးထားတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ စွမ်းဆောင်မှု ကောင်းမှသာ အာဆင်နယ်ပရိသတ်တွေ ကျေနပ်စရာ ရလဒ်ဖြစ်ပါလိမ့်မယ်။

ဟားလ်စီးတီးနှင့် ဆန်းဒါးလန်း

ဟားလ်စီးတီးကွင်းမှာ ဆန်းဒါးလန်းတို့ ကစားတဲ့ပွဲတိုင်း အသာစီးရခဲ့တာများပါတယ်။ ခြေတက်နေတဲ့ ဆန်းဒါးလန်းဟာ ထိပ်တန်းအသင်းတွေကိုတောင် အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရှိနေတာမို့ အိမ်ရှင်တို့ အလေးထား ပြင်ဆင်ခုခံပါမှ သက်သာပါလိမ့်မယ်။ ပုံမှန်ခြေစွမ်းပြန်ရနေတဲ့ ဆန်းဒါးလန်းဟာ အခုပွဲကို ရလဒ်ကောင်းအောင် ပုံဖော်မှာမို့ အိမ်ရှင်ပရိသတ်တွေ အောင်ပွဲခံနိုင်ဖို့ အခွင့်အရေးနည်းပါလိမ့်မယ်။

ရှက်ဖ်ဖီးနှင့် ချာလ်တန်

နိုင်တစ်ခါ၊ ရှုံးတစ်လှည့်ဖြစ်နေတဲ့ ဒီနှစ်သင်းရဲ့ ဆုံတွေ့မှုက စိတ်ဝင်စားစရာကောင်းနေပါတယ်။ ရှက်ဖ်ဖီးဟာ ခြေစွမ်းတက်ရိပ်ပြနေပြီးပရီမီယာလိဂ်အသင်းတွေကို အနိုင်ကစားကာ အခုလို ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာတာ ဖြစ်ပါတယ်။ ရှက်ဖ်ဖီးဟာ နော်တင်ဟမ်၊ ဂါလင်ဟမ်၊ ဘရစ္စတိုး၊ ကိုလ်ချက်စတာနဲ့ အမ်ကေ ဒွန်းစ်အသင်းတွေကို ဆက်တိုက်အနိုင်ကစားထားတဲ့ နောက်ဆုံးကစားပွဲငါးပွဲရလဒ်ကလည်း အခုပွဲရလဒ် ဘယ်လိုပေါ်ထွက်မလဲဆိုတာ မီးမောင်းထိုးပြနေတာမို့ ဒီပွဲမှာ ချာလ်တန်တို့ကို ဦးစားပေး အဆင့်ထားလို့ မရနိုင်ပါဘူး။

ပူယိုးလ် ဘာစီလိုနာမှထွက်ခွာမည်

ဘာစီလိုနာအသင်းခေါင်းဆောင်ပူယိုးလ်သည် ယခုနှစ်ရာသီကုန်လျှင် စပိန်ထိပ်တန်းကလပ်ဘာစီလိုနာမှ ထွက်ခွာတော့မည်ဟု ဆိုသည်။

အသက် ၃၅ နှစ်ရှိ ပူယိုးလ်သည် ၂၀၁၆ ခုနှစ်အထိ ဘာစီလိုနာနှင့် စာချုပ်ထားသော်လည်း ကလပ်နှင့်သဘောတူညီချက်အရ ယခုနှစ်နွေရာသီတွင် ထွက်ခွာတော့မည်ဟုဆိုသည်။ ၎င်းသည်လက်ရှိလာလီဂါချန်ပီယံသို့ ၁၉၉၉ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး ပွဲပေါင်း ၅၉၃ ပွဲ ပါဝင်ကစားပေးခဲ့သည်။ ၎င်းသည် ချန်ပီယံလိဂ်ဖလားသုံးလုံးနှင့် စပိန်ဖလားနှစ်လုံးအပါအဝင်ဖလား ခြောက်လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။

ရှီဆစ္စကီးကို အာဆင်နယ်ထပ်မံစာချုပ်

အာဆင်နယ်က ဗဟိုခံစစ်မှူး မာတီဆက်ကာနှင့် ကွင်းလယ်ကစားသမားရှိဆစ္စကီးတို့ကို စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်သည်။ အသက် ၂၉နှစ်ရှိ မာတီဆက်ကာသည် ၂၀၁၁ ခုနှစ် ဩဂုတ်လက ဝါဒါဘရီမင်မှ အာဆင်နယ်သို့ရောက်ရှိလာသည်။ ၎င်းသည်ယခုနှစ်အထိ ပရီမီယာလိဂ် ပွဲပေါင်း ၄၂ ပွဲတွင် ၃၉ပွဲ ပါဝင်ကစား ပေးခဲ့သည်။ အသက် ၃၃နှစ်ရှိ ရှိဆစ္စကီးသည် ၂၀၀၆ခုနှစ်က ဒေါ့မွန်မှပြောင်းရွှေ့လာသည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာ ခြေစမ်းပွဲနှင့် ပရီမီယာလိဂ် ရပ်တည်မှု

သီဟ

နိုင်ငံတကာ ခြေစမ်းပွဲများ — မတ် ၆

ဟွန်ဒူးရပ်စ်	-	ဗင်နီဇွဲလား	နံနက် ၇း၃၀
မက္ကဆီကို	-	နိုင်ဂျီးရီးယား	နံနက် ၇း၃၀
ကော်စတာရီကာ	-	ပါရာဂွေး	နံနက် ၈း၃၀

အင်္ဂလန်ပရီမီယာလိဂ် ရပ်တည်မှုဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၂၈	၁၉	၆	၃	၆၃
၂	လီဗာပူး	၂၈	၁၈	၅	၅	၅၉
၃	အာဆင်နယ်	၂၈	၁၈	၅	၅	၅၉
၄	မန်စီးတီး	၂၆	၁၈	၃	၅	၅၇
၅	စပါး	၂၈	၁၆	၅	၇	၅၃
၆	အဲဗာတန်	၂၇	၁၃	၉	၅	၄၈
၇	မန်ယူ	၂၇	၁၃	၆	၈	၄၅
၈	နယူးကာဆယ်	၂၈	၁၃	၄	၁၁	၄၃
၉	ဆောက်သမ်တန်	၂၈	၁၀	၉	၉	၃၉
၁၀	ဝက်စ်ဟမ်း	၂၈	၈	၇	၁၃	၃၁
၁၁	အက်စ်တွန်ဗီလာ	၂၈	၈	၇	၁၃	၃၁
၁၂	ဟားလ်စီးတီး	၂၈	၈	၆	၁၄	၃၀
၁၃	စတုတ်စီးတီး	၂၈	၇	၉	၁၂	၃၀
၁၄	ဆွမ်ဆီး	၂၈	၇	၈	၁၃	၂၉
၁၅	နော့ဝှစ်ချ်	၂၈	၇	၇	၁၄	၂၈
၁၆	ခရစ္စတယ်ပဲလေ့စ်	၂၇	၈	၃	၁၆	၂၇
၁၇	ဝက်စ်ဘရွန်း	၂၇	၄	၁၃	၁၀	၂၅
၁၈	ဆန်းဒါးလန်း	၂၆	၆	၆	၁၄	၂၄
၁၉	ကာဒစ်ဖ်	၂၈	၅	၇	၁၆	၂၂
၂၀	ဖူလ်ဟမ်	၂၈	၆	၃	၁၉	၂၁

ဒီရော့ဆီ သုံးပွဲအပယ်ခံရ

ရိုးမားနှင့်အီတလီကွင်းလယ်ကစားသမား ဒီရော့ဆီသည် စနေနေ့က အင်တာမီလန်နှင့်ကစားသည့်ပွဲတွင် ပြိုင်ဘက်တစ်ဦးကို လက်သီးဖြင့်ထိုးခဲ့ခြင်းကြောင့် စီးရီးအေပွဲသုံးပွဲပိတ်ပင်လိုက်သည်။ ဒီရော့ဆီနှင့် အင်တာမီလန်မှ မာရိုတို့သည် ဘောလုံးလုရင်း ရန်ဖြစ်ခဲ့ကြသည်။

ယင်းပွဲမှာပင် အင်တာမီလန်အသင်းမှ ဂျီဆက်က ရိုးမားအသင်းမှ ရိုမက်နိုလီကို ကြမ်းတမ်းစွာကစားခဲ့မိ၍ သုံးပွဲပိတ်ပင်လိုက်သည်။ အဆိုပါ ရိုးမားနှင့် အင်တာမီလန်တို့ ပွဲမှာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများ၏ ကျန်းမာရေးသတင်းအချက်အလက်ကောက်ခံခြင်း ရက်တိုသင်တန်းဖိတ်ကြားခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှကြီးမှူး၍ မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း (အထက်မြန်မာပြည်)မှပူးပေါင်းဖွင့်လှစ်သော **ကျန်းမာရေးသတင်းအချက်အလက်ကောက်ခံခြင်းရက်တိုသင်တန်း**ကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ဖြစ်ပါသဖြင့် ပုဂ္ဂလိကဆေးရုံများမှ မပျက်မကွက်တက်ရောက်နိုင်ပါရန် ခင်မင်ရင်းနှီးစွာဖိတ်ကြားအပ်ပါသည်။

သင်တန်းကာလ - ၁၀-၃-၂၀၁၄ရက်မှ ၁၄-၃-၂၀၁၄ရက်အထိ

သင်တန်းနေရာ - မြို့တော်ဆေးရုံ၊ သိပ္ပံလမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြား၊ မန္တလေးမြို့

သင်တန်းတက်ရောက်မည့်ပုဂ္ဂလိကဆေးရုံများမှ ကိုယ်စားလှယ်များ၏အမည်များကို ၉-၃-၂၀၁၄ရက် နောက်ဆုံးထားပြီး အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန် - ဒေါက်တာမြတ်ကျော် ဖုန်း-၀၉-၅၂၄၀၂၇၃

ဆေးကြီးဌာန၊ မြို့တော်ဆေးရုံ ဖုန်း-၀၉-၉၁၀၂၃၆၉၂

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း (အထက်မြန်မာပြည်)



မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မာလာမြိုင်ကွန်ဒိုနေ ဦးစိန်ဝင်း-ဒေါ်ခင်ညိုဝင်း တို့၏သား
ဒေါက်တာမေသဇင်၏အစ်ကို

မောင်ဖြိုးမင်းပိုင်

B.P.S (Yangon Institute of Economics), Dip in Business Study,
Director (Wealthy Myanmar Co.,Ltd)

နှင့်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အုန်းပင်တန်းလမ်းနေ ဦးစိုးနိုင်-ဒေါ်ဘေဘီတို့၏ တစ်ဦးတည်းသောသမီး

မထက်ထက်စိုးနိုင်

B.Ed, M.Ed, Ph.D (Thesis)
Dip in English (SEAMEO), Dip in International Law, B.D.S (MOFA)
Research Assistant, Department of Myanmar Education Research Bureau.

တို့သည် ၂၂-၂-၂၀၁၄ ရက်တွင် ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့၌ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးဆည့်ခံပွဲအားလည်းကောင်း၊ ၁-၃-၂၀၁၄ ရက်တွင် Parkroyal Hotel (Yadanar Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဆည့်ခံပွဲအားလည်းကောင်း၊ ၂-၃-၂၀၁၄ ရက်တွင် Western Park Royal (Poolside) ၌ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအားလည်းကောင်း ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးကြပါသောရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးလှမြင့်ကျော် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန)နှင့်ဇနီး ဒေါ်တင်တင်ဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးကြည်ဝင်း (တွဲဖက်အတွင်းရေးမှူး-ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)နှင့် ဇနီး ဒေါ်ရည်လေးချိုတို့အားလည်းကောင်း၊ မင်္ဂလာဆည့်ခံပွဲများအားလုံး အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဖြိုးမင်းပိုင်-မထက်ထက်စိုးနိုင်

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	အကြောင်းအရာ
၄-၃-၂၀၁၄	ဒေါ်ဖြူဖြူလှိုင်	၁၂/ဓဂန (နိုင်)၀၁၃၃၁၉	အမှတ် ၂၅၊ ကမ်းနားရိပ်သာလမ်း	ဗဟန်း	၃၉ I	၁၁၂A / ၂၄B	ဒေါ်ခင်မြရွှေ + ၉	မြေပုံကူး

ဌာနခွဲမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ဥပဒေကြမ်း

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဆိပ်ကမ်းများပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆိပ်ကမ်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရေးအတွက်လည်းကောင်း၊ အမှီအခိုကင်းစွာ ရပ်တည်ခွင့်ရှိသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းအဖြစ် ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြောင်းလဲဖွဲ့စည်းပြီး နိုင်ငံတော်၏ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျစည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက်လည်းကောင်း ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည်-

(က) ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်သော ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ဆိပ်ကမ်းများနှင့်သက်ဆိုင်စေရမည်။

(ခ) ပြည်တွင်းပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုက ပိုင်ဆိုင်ပြီး သို့မဟုတ် စီမံခန့်ခွဲပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော ရေယာဉ်များနှင့်လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (စ)ပါ ကန့်သတ်ချက်ကို အထောက်အထားပြု၍ တပ်မတော်စစ်ရေယာဉ်များနှင့် လည်းကောင်း၊ ဤဥပဒေအရ အခါအားလျော်စွာ ကင်းလွတ်ခွင့် ပြုထားသော ရေယာဉ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆိပ်ကမ်း** ဆိုသည်မှာ ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ဆိပ်ကမ်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ရေလမ်းကြောင်း၊ မြစ်ကြောင်းနှင့်ကမ်းနားနယ်တို့လည်း ပါဝင်သည်။

(ခ) **အဓိကဆိပ်ကမ်း** ဆိုသည်မှာ ပုဒ်မခွဲ (က) တွင်အဓိပ္ပာယ်ဖော်ပြထားသည့် ဆိပ်ကမ်းများအနက်မှ အပြည်ပြည်ဆိုင်ရာ ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အချက်အချာကျသော ဆိပ်ကမ်းအဖြစ် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသောဆိပ်ကမ်းတစ်ခုခုကိုဆိုသည်။

(ဂ) **ကမ်းနားနယ်** ဆိုသည်မှာ ခရီးသည်များ ဆင်းတက်ခြင်းနှင့်ကုန်စည်များ တင်ချခြင်းတို့အတွက် ရေယာဉ်များဆိုက်ကပ်ရပ်နားရန် အလို့ငှာ ဆိပ်ကမ်းနယ်နိမိတ်နှင့်စပ်လျဉ်း၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ကမ်းပါးနယ်နှင့်ဆက်စပ်ပြီးရေအမြင့်ဆုံးတက်ရောက်သည့် ရေပြည့်မျဉ်းအမှတ်မှ ကုန်းတွင်းပိုင်းသို့ ကိုက် ၅၀ အထိရှိသည့် ကမ်းနားနယ်နိမိတ်ကိုဆိုသည်။

(ဃ) **ကမ်းပါးနယ်** ဆိုသည်မှာ ဆိပ်ကမ်းတစ်ခုခုတွင် ရေပြည့်မျဉ်း အမှတ်နှင့်ရေစစ်မျဉ်းအမှတ်အကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှော ကမ်းပါးမြေနေရာကိုဆိုသည်။

(င) **ရေယာဉ်ဆိုက်ကပ်ရန်နေရာ** ဆိုရာတွင် ရေယာဉ်များမှ ကုန်စည်တင်ခြင်း၊ ချခြင်းပြုလုပ်ရာနေရာ၊ ဆိပ်ကမ်းတံတား၊ သိုလှောင်ရုံနှင့်သင်္ဘောကျင်းများ၊ ရေယာဉ်ဆိုက်ကပ်ရန်နေရာနှင့်စပ်ဆိုင်သော အခြားအဆောက်အအုံများလည်းပါဝင်သည်။

(စ) **ဆိပ်ကမ်းတံတား** ဆိုသည်မှာ ခရီးသည်အတက်အဆင်းနှင့် ကုန်စည်များ အတင်အချပြုလုပ်ရာတွင် လွယ်ကူစေရန် ပြုလုပ်ထားသည့် ကမ်းပါးနယ် သို့မဟုတ်ကမ်းနားနယ်တစ်ခုခုကို သော်လည်းကောင်း၊ မြစ်ကမ်းနဖူး သို့မဟုတ် ကမ်းနားဒေသကိုကာရံထားသော ဆက်စပ်နေသည့် နံရံတံတိုင်းတစ်ခုခုကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် ရေဆိပ်၊ လှေဆိပ်၊ဆိပ်ခံတံတား၊ဖောတံတားနှင့်လှေကားနံရံတစ်ခုခုလည်းပါဝင်သည်။

(ဆ) **ရေပြည့်မျဉ်းအမှတ်** ဆိုသည်မှာ နှစ်တစ်နှစ်၏မည်သည့်ရာသီ၌မဆို သာမန်ဒီရေထချိန်များတွင် ရေအမြင့်ဆုံးရောက်ရှိသည့် မျဉ်းအမှတ်ကိုဆိုသည်။

(ဇ) **ရေစစ်မျဉ်းအမှတ်** ဆိုသည်မှာ နှစ်တစ်နှစ်၏ မည်သည့်ရာသီ၌မဆို သာမန်ဒီရေထချိန်များတွင် ရေအနိမ့်ဆုံးရောက်ရှိသည့် မျဉ်းအမှတ်ကိုဆိုသည်။

(ဈ) **ကုန်စည်** ဆိုရာတွင် ရောင်းဝယ်ဖောက်ကားသည့် ကုန်စည် အမျိုးမျိုးနှင့်ယင်းတို့ကိုထည့်သွင်းသည့်သေတ္တာများ သို့မဟုတ် အထုပ်အပိုးများ၊ ယင်းတို့ကို ချည်နှောင်ထားသည့်အရာများ၊ စက်သုံးဆီများ၊ သက်ရှိကျွဲ၊ နွား တိရစ္ဆာန်များနှင့်ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများပါဝင်သည်။

(ည) **ရေယာဉ်** ဆိုရာတွင် သင်္ဘော၊ လှေ၊ သမ္ဗန်၊ ဖောင်၊ သစ်များမှစ၍ လူ သို့မဟုတ် ပစ္စည်းများကို ရေလမ်းဖြင့်သယ်ယူပို့ဆောင်ရန် ပြုလုပ်ထားသော မည်သည့်အရာမဆိုပါဝင်သည်။

(ဋ) **ပိုင်ရှင်** ဆိုသည်မှာ ရေယာဉ်၏ပိုင်ရှင်ကိုလည်းကောင်း၊ ထိုပိုင်ရှင်ထံမှ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် တာဝန်ယူငှားရမ်းထားပြီးသူဖြစ်သည့်အပြင် သင်္ဘောပိုင်ရှင်အပေါ် တင်ရှိမည့် တာဝန်နှင့်ဝတ္တရားများကို လွှဲပြောင်းခံယူပါမည်ဟု သဘောတူထားပြီးသူကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်နှင့်စပ်လျဉ်း၍ သုံးစွဲသည့်အခါ ကုန်စည်တင်ပို့သူ၊ ကုန်စည်လက်ခံသူ၊ သင်္ဘောပေါ် ကုန်စည်တင်ပေးသူ သို့မဟုတ် ထိုကုန်စည်ကို ရောင်းချခြင်း၊ ထိန်းသိမ်းထားခြင်း၊ ဆိပ်ကမ်း၌ ကုန်စည် အတင်အချပြုလုပ်ခြင်း သို့မဟုတ် ရေယာဉ်ပြောင်းတင်ခြင်းတို့အတွက် ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခြင်းခံရသူလည်း ပါဝင်သည်။

(ဌ) **ဆိပ်ကမ်းဝန်ဆောင်ခ** ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းဝန်ဆောင်ခများကို ဆိုသည်။

(ဍ) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ရေယာဉ်များ ဆိပ်ကမ်းအတွင်း ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန် ကူးသန်းသွားလာခြင်းတို့အတွက် အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့်ပြည်ထောင်စုအစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ပို့ဆောင်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးဆောင်ညွှန်ကြားရေးမှူး** သို့မဟုတ် အမှုဆောင်အရာရှိချုပ် ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အကြီးအမှူးကို ဆိုသည်။

(တ) **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို ဆိုသည်။

(ထ) **အုပ်ချုပ်မှုအဖွဲ့** ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဒ) **ရေကြောင်းပြမှူးကြီး** ဆိုသည်မှာ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များကို ရေကြောင်းပြရန် ဝန်ကြီးဌာနက ခန့်ထားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လုပ်ငန်းလိုင်စင်ထုတ်ပေးထားသောသူကိုဆိုသည်။

(ဓ) **ရေယာဉ်မှူး** ဆိုသည်မှာ ရေယာဉ်ကို တာဝန်ယူကွပ်ကဲမောင်းနှင်သူကိုဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပြမှူးကြီး မပါဝင်။

(န) **ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေများအရသော်လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ကိုယ်စား တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် သင့်လျော်သည်ဟု ယူဆသူတစ်ဦးအား ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ သို့မဟုတ် လက်ထောက်ဆိပ်ကမ်း ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ခန့်ထားသူကိုဆိုသည်။

အခန်း(၂)

ဆိပ်ကမ်းများ၊ ဆိပ်ကမ်းတံတားများနှင့်

ရေယာဉ်ဆိုက်ကပ်ရန်နေရာများသတ်မှတ်ခြင်း

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) နိုင်ငံတော်အတွင်း သင့်လျော်သောနေရာများတွင် ပင်လယ်ကူး သင်္ဘောများ၊ ကမ်းရိုးတန်းနှင့် ပြည်တွင်းသွား ရေယာဉ်များ ဝင်ရောက် ဆိုက်ကပ်ရပ်နားရေးအတွက် ဆိပ်ကမ်းများ၊ ပြင်ပဆိပ်ကမ်းများ၊ အဓိက ဆိပ်ကမ်းများနှင့် ပင်လယ်ရေနက်ဆိပ်ကမ်းများအား နယ်နိမိတ်ပိုင်းခြားပြီး အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆိပ်ကမ်းနယ်နိမိတ်ကို သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဆိပ်ကမ်းနယ်နိမိတ်ကို သတ်မှတ်ရာတွင် ဆိပ်ကမ်းနယ်နိမိတ်နှင့် ကပ်လျက်ရှိသော မြေနေရာ၌ ကမ်းနားနယ်နှင့်စပ်လျဉ်း၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ရေပြည့်မျဉ်း အမှတ်မှ ကုန်းတွင်းပိုင်း ကိုက် ၅၀ အထိကျယ်သော ကမ်းနားနယ်ကို ထည့်သွင်းသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ဆိပ်ကမ်းများ သတ်မှတ်ရာတွင် ဆိပ်ကမ်းတံတား၊ ဆိပ်ခံတံတား၊ ဖောတံတားရေဆိပ်၊ လှေဆိပ်နှင့်သင်္ဘောကျင်းများ၊ သိုလှောင်ရုံများကိုလည်းကောင်း ရေယာဉ်များသွားလာမှုလွယ်ကူ အဆင်ပြေရေး၊ ရေယာဉ်များလုံခြုံရေး၊ ဆိပ်ကမ်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေးအတွက် အခြားလုပ်ငန်းခွင်များကိုလည်းကောင်း ကမ်းနားနယ်အတွင်း ထည့်သွင်း သတ်မှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)တို့အရ သတ်မှတ်သော ဆိပ်ကမ်းများ၊ ဆိပ်ကမ်းနယ်နိမိတ်များနှင့် ကမ်းနားနယ်တို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(င) ဤပုဒ်မအရ ဆိပ်ကမ်းများကို သတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်းနှင့် ပြင်ဆင်ခြင်းတို့ပြုလုပ်ရာတွင် ပုဂ္ဂလိကပိုင်မြေနှင့် ပစ္စည်းများရှိပါက ထိုမြေနှင့်ပစ္စည်းများ၏ ပိုင်ဆိုင်ခွင့်ရှိသူများနှင့် ညှိနှိုင်း၍ ၎င်းတို့၏ အခွင့်အရေးများကို မထိခိုက်စေရန် ထိုက်သင့်သော လျော်ကြေးများ ပေးပြီးမှသာ ဆောင်ရွက်ရမည်။

၅။ ဆိပ်ကမ်းများအက်ဥပဒေ၊ ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေနှင့်ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်ခဲ့သော ဆိပ်ကမ်းများ၊ ရန်ကုန်ဆိပ်ကမ်းနှင့် ပြင်ပဆိပ်ကမ်းများကို ဤဥပဒေနှင့်အညီ တိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုသမျှ ပုဒ်မ ၄၊ ပုဒ်မခွဲ(က)အရ သတ်မှတ်သော ဆိပ်ကမ်းများဖြစ်သည်ဟု မှတ်ယူရသည်။

၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း-

(က) ရေယာဉ် ဆိုက်ကပ်ရန်နေရာ သို့မဟုတ် ဆိပ်ကမ်းတံတား တစ်ခုခုကို တည်ဆောက်ပြီးစီးသည့်အခါ ယင်းကိုအသုံးပြုရန် အသင့်ရှိပြီဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

(ခ) ရေယာဉ်ဆိုက်ကပ်ရန်နေရာနှင့် ဆိပ်ကမ်းတံတားများတွင် နေရာလပ်ရှိသည့်အခါတိုင်း ပင်လယ်ကူးသင်္ဘောများဝင်ရောက် ဆိုက်ကပ်ရန်နေရာနှင့် ဆိပ်ကမ်းတံတားများကို သတ်မှတ်နိုင်သည်။

(ဂ) ပြည်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရေးအတွက် ရေယာဉ်အမျိုးအစားအလိုက် ဆိပ်ကမ်းတံတားများကို သတ်မှတ်နိုင်သည်။

(ဃ) ပုဂ္ဂလိကပိုင် ရေယာဉ်ကျောက်ချ ရပ်နားရာနေရာနှင့် ဗော်ယာများကို နေရာချထားရေးအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရမည်။

(င) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဘေးအန္တရာယ်ရှိ ကုန်စည်များ သယ်ဆောင်လာသောရေယာဉ်များ ကျောက်ချရပ်နားခြင်းအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်းနှင့် နေရာသတ်မှတ်ပေးခြင်းများ ဆောင်ရွက်ရမည်။

(စ) ပြည်တွင်းမှ ဖြစ်စေ၊ ပြည်ပနိုင်ငံ တစ်ခုခုမှဖြစ်စေ တပ်မတော်စစ်ရေယာဉ်များဝင်ရောက်လာခြင်း၊ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်းနှင့် ယင်းတို့၏ လုပ်ငန်းဆောင်တာများအပေါ် ဝန်ကြီးဌာန၏ အမိန့်ဖြင့် ကန့်သတ်နိုင်သည်။

အခန်း(၃)

ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ခွင့်ပြုခြင်း

၇။ ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဆိပ်ကမ်းလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ဆိပ်ကမ်းများဖွံ့ဖြိုးရေးအတွက် အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား တစ်နည်းနည်းဖြင့် လွှဲပြောင်း လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား ထိုသို့ ပဋိညာဉ် စာချုပ်ချုပ်ဆိုစေခြင်းပြုပြီး စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လုပ်ကိုင်ခွင့်ပြုသော အဆိုပါ လုပ်ငန်းများကို အဓိက တာဝန်ယူကြီးကြပ်ကွပ်ကဲပြီး လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုစေရန်တာဝန်ပေးအပ်ရမည်။

၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ-

(က)နိုင်ငံတော်၏ဆိပ်ကမ်းများနှင့် ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေရှိစေရန် အလို့ငှာ ပို့ကုန်သွင်းကုန်များကိုနိုင်နင်းစွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရေး၊ ဆိပ်ကမ်းလုပ်ငန်းများတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးပွားလာရေးအတွက်လည်းကောင်း၊ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ အာဆီယံအဆင့်အတန်းနှင့်အညီ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်းစနစ်တကျ ကြီးကြပ်၍စီမံဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်အညီ ပြည်သူ့အကျိုးစီးပွားအလို့ငှာ အခြားနိုင်ငံအစိုးရ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် နိုင်ငံကိုယ်စားပြုပါဝင်၍လည်းကောင်း ဆောင်ရွက်ရမည်။

အခန်း (၄)

ဆိပ်ကမ်းဝန်ဆောင်ခများ သတ်မှတ်ခြင်း

၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့်-

(က) ဆိပ်ကမ်းများတွင် ပင်လယ်ကူးသင်္ဘောများနှင့် ပြည်တွင်းရေယာဉ်များသွားလာခြင်း၊ ဆိုက်ကပ်ရပ်နားခြင်း၊ အသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ ရေယာဉ်၊ ကုန်စည် သို့မဟုတ် ခရီးသည်အရေအတွက် အလိုက်ခွဲခြားပြီး မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြား ငွေဖြင့်ဖြစ်စေ ပေးဆောင်ရမည့်ဆိပ်ကမ်းဝန်ဆောင်ခများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားရမည်။ ထိုဆိပ်ကမ်းဝန်ဆောင်ခများကို ပြောင်းလဲလာသော အခြေအနေများနှင့်အညီ အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းတို့ပြုလုပ်နိုင်သည်။

(ခ) အများပြည်သူအကျိုးငှာ အထူးကိစ္စရပ်တစ်ခုခုအတွက် ဆိပ်ကမ်းဝန်ဆောင်ခများကိုကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ်လျှော့ပေါ့ခြင်းပြုနိုင်သည်။

(ဂ) ဆိပ်ကမ်းဝန်ဆောင်ခများဆိုရာတွင် ရေယာဉ်များဆိပ်ကမ်းအတွင်း ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန်ကူးသန်းသွားလာခြင်းပြုရာတွင် ဆောင်ရွက်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းအသီးသီးအတွက် မြန်မာကျပ်ငွေဖြင့် ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ပေးဆောင်ရသော အောက်ပါ အခကြေးငွေများ ပါဝင်သည်-

(၁) ဆိပ်ကမ်းခနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝန်ဆောင်ခများ၊

(၂) ရေကြောင်းပြခ၊ ရေယာဉ်ကပ်ခ၊ မြစ်ကြောင်းထိန်းသိမ်းခ၊ စောင့်ဆိုင်းခ၊ ကြန့်ကြာခ၊ ဆွဲသင်္ဘောငှားခ၊ သင်္ဘောဆွဲခ၊ ဆယ်ယူခများနှင့်ရေငုပ်သမားငှားခများ၊

(၃) သင်္ဘောရွှေ့ပြောင်းခ၊ သင်္ဘောဝမ်းစာများစွန့်ပစ်ခ၊ သင်္ဘောနှင့်ရေယာဉ်ပြုပြင်ခ၊ ဆိပ်ကမ်းတံတားအသုံးပြုခ၊ ကုန်သေတ္တာဆိုင်ရာအခကြေးငွေနှင့်နှောင့်နှေးခများ၊

(၄) ဝန်ချီစက်၊ ဝန်မစက်၊ သစ်လုံးတင်စက်၊ မြေကော်စက်၊ ဝန်ဆွဲယာဉ်၊ ဝန်သွန်ချယာဉ်၊ ဝန်တင်လှည်းနှင့်ကုန်တင်၊ ကုန်ချပြုလုပ်ရာတွင် အသုံးပြုသည့်စလင်းကြိုးငှားခများ၊

(၅) ဆိပ်ကမ်းမြေနေရာနှင့်ကုန်သိုလှောင်ရုံငှားခများ၊

(၆) ကုန်တင်ကုန်ချအလုပ်သမားခများ၊

(၇) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော အခြားအခကြေးငွေများ။

အခန်း (၅)

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ဖွဲ့စည်းခြင်း

၁၀။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်းတည်ထောင်ထားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရသတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်ဖွဲ့စည်းပုံနှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၁၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်-

(က) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသည့်အဖွဲ့အစည်းဖြစ်သည်။

(ခ) မိမိနှင့်အစိုးရအဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းများအကြား လုပ်ငန်းသဘောတူစာချုပ်များချုပ်ဆိုခြင်း၊ အခြားစာချုပ်များချုပ်ဆိုရာတွင် ဦးဆောင်ညွှန်ကြားရေးမှူးသို့မဟုတ် အမှုဆောင်အရာရှိချုပ်က ကိုယ်တိုင်ဖြစ်စေ၊ ၎င်းကအခွင့်အာဏာပေးအပ်ထားသည့်အရာရှိကဖြစ်စေ လက်မှတ်ရေးထိုး၍ သတ်မှတ်ထားသည့် ရုံးတံဆိပ်ရိုက်နှိပ်ရမည်။

(ဂ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနကပိုင်ဆိုင်သောငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(ဃ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ကလွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသောမြေ၊ အဆောက်အအုံ၊ စက်ကိရိယာ၊ ကုန်စည်စသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကိုလည်းကောင်းရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့်အသုံးပြုပိုင်ခွင့်ရှိသည်။

စာမျက်နှာ(၁၆)သို့

ဥပဒေကြော်ငြာ

စာမျက်နှာ (၁၅)မှ

(င) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ စီးပွားရေးဆန်ဆန်အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

၁၂။ (က) ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအားလုံးကို ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့စဉ်ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်ထက်မလျော့နည်းစေဘဲ ဤဥပဒေအရ ဖွဲ့စည်းသည့်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို လွှဲပြောင်းပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှု ဆိုင်ရာကိစ္စရပ်များအား ထမ်းဆောင်ခဲ့သော ကာလအချိန်အတိုင်း တွက်ချက်၍ ခွင့်ပြုပေးရမည်။

၁၃။ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များအား ဆောင်ရွက်ရမည်-

(က) အုပ်ချုပ်မှုအဖွဲ့က သတ်မှတ်ပေးထားသော လုပ်ငန်းပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီအောင် တာဝန်ယူဆောင်ရွက်ရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဌာနကြီးမှူးအဆင့်အောက် အရာထမ်း၊ အမှုထမ်းများအား ရွေးချယ်ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ အရာထမ်း၊ အမှုထမ်းများ အသက် (၆၀) နှစ်ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးနိုင်သည်။ သို့သော်လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ ကာယကံရှင်၏ ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း ဆက်လက်တာဝန်ထမ်းဆောင်လိုပါက အဆိုပါပုဂ္ဂိုလ်အား အသက် ၆၅ နှစ်ပြည့်သည့်အချိန်ထိ တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(ခ)ပါ အရာထမ်း၊ အမှုထမ်းများ၏ လစာနှင့်စရိတ်များ တိုးမြှင့်ခြင်း၊ လျှော့ချခြင်းတို့ကို စီမံဆောင်ရွက်ပေးရမည်။

၁၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဝန်ထမ်းများအား စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အခါအားလျော်စွာ ခန့်အပ်ခြင်းနှင့်ကြီးကြပ်ခြင်းပြုနိုင်သည်။ လိုအပ်ပါက မိမိကိုယ်စား ဆောင်ရွက်နိုင်ရန် စည်းကမ်းချက်များ သတ်မှတ်၍ ကိုယ်စားလှယ်များ ခန့်အပ်ပြီး တာဝန်ပေးနိုင်သည်။

အခန်း(၆)

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ

၁၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်-

(က) ဝန်ကြီးဌာန၏ စီမံကိန်းရည်မှန်းချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) ဆိပ်ကမ်းလုပ်ငန်းစီမံကိန်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့ရေးအတွက်လည်းကောင်း၊ ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ကမ်းပါးနယ်နှင့် ကမ်းနားနယ်များ စည်ပင်ဖွံ့ဖြိုးရေးတို့အတွက်လည်းကောင်း လုပ်ငန်းအစီအစဉ်များ ချမှတ်၍ ဆောင်ရွက်ရမည်။

(ဃ) မိမိ၏ ဝင်ငွေတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုစရိတ်ကို ကျဆင်းစေသော နည်းလမ်းများဖြင့်လည်းကောင်း၊ အကျိုးအမြတ်စွမ်းအား တိုးတက်စေသော နည်းလမ်းများဖြင့် လည်းကောင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တိုးတက်ရရှိအောင် ဆောင်ရွက်ရမည်။

(င) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်ခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းနှင့် ပျောက်ရှခြင်းတို့ အနည်းဆုံးဖြစ်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။

(စ) ဤဥပဒေအရ တည်ထောင်သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရန်ပုံငွေနှင့် စပ်လျဉ်း၍ ရငွေ၊ သုံးငွေများကို စိစစ်ခွင့်ပြုခြင်း၊ ရန်ပုံငွေကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုပိုင်ခွင့်ရှိသည်။

(ဆ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များကို ရေ၊ ရိက္ခာ၊ ကြမ်းခင်းပြားအစရှိသည့် သင်္ဘော၏လိုအပ်ချက်များ ထောက်ပံ့ပေးရန်စီမံပြီး လုပ်ငန်းရှင်များကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သူများအား စီမံခန့်ခွဲရေးအရ အရေးယူခြင်းတို့ ပြုနိုင်သည်။

(ဇ) ပုဂ္ဂလိက တွဲဆွဲရေယာဉ်များ၊ တွန်းသည့် ရေယာဉ်များ၊ သောင်တူးသင်္ဘောများနှင့် ဆယ်ယူရေးရေယာဉ်များကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် လုပ်ငန်း လိုင်စင်စည်းကမ်းဖောက်ဖျက်သူများအား စီမံခန့်ခွဲရေးအရ အရေးယူခြင်းတို့ ပြုနိုင်သည်။

(ဈ) ဆိပ်ကမ်းလုပ်ငန်းများနှင့် ဆိပ်ကမ်းအတွင်း လုပ်ငန်းများလွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်း လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။

(ည) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းသွားလာရေးဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူ သိရှိစေရန် ဆောင်ရွက်ပေးရမည်။

(ဋ) ဆိပ်ကမ်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိထားသူများ၏ စရိတ်စကသက်သာရေး၊ အားကိုးအားထား ပြုနိုင်ရေးနှင့် ထိရောက်စွာဆောင်ရွက်နိုင်စေရေးတို့ကို နိုင်ငံတကာက သတ်မှတ်ထားသည့် စံချိန်စံနှုန်းနှင့်အညီ တိုးမြှင့်ဆောင်ရွက်ပေးရမည်။

(ဌ) ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာနှင့်ယှဉ်၍ ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ထမ်းများ၏စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေးနှင့် ဆိပ်ကမ်းအလုပ်သမားများ အသက်အန္တရာယ်ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဍ) ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အထောက်အပံ့ပေးနိုင်မည့် နည်းပညာများ တိုးတက်မြင့်မားလာစေရေးအတွက် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းပြုရမည်။

(ဎ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များဘေးအန္တရာယ်ဖြစ်ခြင်းနှင့် ရေယာဉ်ကြောင့်ဖြစ်ပေါ်လာသည့် မည်သည့်ပျက်စီးဆုံးရှုံးမှုကိုမဆို စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်သလိုစီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

(ဏ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သော လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရမည်။

၁၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအလို့ငှာ-

(က) လိုအပ်သောစက်ပစ္စည်းများနှင့် အခြားစက်ပစ္စည်းကိရိယာများကို ထုတ်လုပ်ခွင့်၊ ပြုပြင်ခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့်၊ ကုန်သွယ်ခွင့်နှင့်ဝန်ဆောင်မှု ပေးပိုင်ခွင့်ရှိသည်။

(ခ) အသုံးပြုရန်လိုအပ်သော မြေကွက်နှင့်အဆောက်အအုံများကို ဝယ်ယူခွင့် သို့မဟုတ် ငှားရမ်းခွင့်ရှိသည်။

၁၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်-

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သွားလာနေသော ရေနံတင်၊ ဆီတင်သင်္ဘော၊ ရေယာဉ်၊ ဆီတွဲတို့မှဖြစ်စေ၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှဖြစ်စေ၊ သင်္ဘောတိုက်ခိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှဖြစ်စေ ဆီယိုဖိတ်မှုများကြောင့် သော်လည်းကောင်း၊ ရေယာဉ်များနှင့် ရေပေါ်ရေအောက်သယံဇာတ ရှာဖွေရေးစင်နှင့် အဆောက်အအုံများမှ အညစ်အကြေးများနှင့် စွန့်ပစ်ပစ္စည်းများကို ရေထုအတွင်းပစ်ချခြင်း၊ စွန့်ထုတ်ခြင်းကြောင့် သော်လည်းကောင်း၊ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေထုညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာပုဂ္ဂိုလ်ထံမှ အဆိုပါပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးကို တောင်းခံနိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရေယာဉ်များ၊ ရေပေါ်ရေအောက် သယံဇာတ ရှာဖွေရေးစင်နှင့်အဆောက်အအုံများကို လျော်ကြေးမရမီ တားဆီးထိန်းသိမ်းခွင့်နှင့်လျော်ကြေး တောင်းဆိုပိုင်ခွင့်ရှိသည်။

၁၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်-

(က)အကြောင်းတစ်စုံတစ်ရာကြောင့် ဆိပ်ကမ်းမှထွက်ခွာရန် လိုအပ်သည့် ရေယာဉ်ကိုသက်ဆိုင်ရာ ရေယာဉ်မှူး သို့မဟုတ်ရေယာဉ်ပိုင်ရှင်ထံ အကြောင်းကြားပြီး ဆိပ်ကမ်းတံတား တစ်ခုခုမှ သတ်မှတ်ချိန်အတွင်း ထွက်ခွာရန်ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ညွှန်ကြားပြီးနောက် ပထမဆုံးအကြိမ်ဖြစ်ပေါ်သည့် ရေတက်ရေကျချိန်တွင် အဆိုပါရေယာဉ်သည် သတ်မှတ်ချိန်အတွင်း ထွက်ခွာခြင်းမရှိပါက ဆိုက်ကပ်ထားသည့် ဆိပ်ကမ်းတံတားတွင် ဆိုက်ကပ်လျက်ရှိနေသမျှ ကာလပတ်လုံး ဒဏ်ကြေး သတ်မှတ်စည်းကြပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က)အရ ညွှန်ကြားချက်အရ ထွက်ခွာပြီးပြန်လည်ဆိုက်ကပ်သော ရေယာဉ်အတွက် ဆိပ်ကမ်းဝန်ဆောင်ခများ ကောက်ခံရန်မလို။

၁၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းပို့ဆောင်မှုလုံခြုံရေး၊ ပင်လယ်ပြင်တွင်အသက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ နိုင်ငံတကာသင်္ဘောများနှင့်ဆိပ်ကမ်းများတွင် လွယ်ကူအဆင်ပြေစွာအသုံးပြုနိုင်ရန် စီမံထားရှိသော ပစ္စည်းကိရိယာများ ဘေးကင်းလုံခြုံရေးဆိုင်ရာ ဥပဒေနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး-

(က) အောက်ပါအကြမ်းဖက်မှု ကျူးလွန်သူများအား လိုအပ်သော အရေးယူမှုများပြုလုပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရမည်-

(၁) အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ကြောက်ရွံ့အောင် ပြုလုပ်၍ဖြစ်စေ သင်္ဘောကိုဖမ်းဆီးသိမ်းယူခြင်း သို့မဟုတ်သင်္ဘောသွားလာရေးကို ထိန်းချုပ်ခြင်း၊

(၂) သင်္ဘောသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေရန် သင်္ဘောပေါ်ရှိသူအားအကြမ်းဖက်မှု ကျူးလွန်ခြင်း၊ သင်္ဘောကိုဖျက်ဆီးခြင်း၊ သင်္ဘောပေါ်ပါလူနှင့် ကုန်စည်များကို ထိခိုက်ပျက်စီးစေခြင်း၊

(၃) သင်္ဘော၏ ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ် ကင်းရှင်းရေးအတွက်ရေကြောင်းပို့ဆောင်ရေးလွယ်ကူအဆင်ပြေရန် ဆိပ်ကမ်းနယ်နိမိတ်၌ စီမံထားရှိသော အထောက်အကူပြုပစ္စည်းကိရိယာများနှင့်ဝန်ဆောင်မှုများကို ဖျက်ဆီးခြင်း၊ ဆိုးရွားစွာ ဝင်ရောက်နှောင့်ယှက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊

(၄) ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေရန် မှားယွင်းသော သတင်းအချက်အလက်များ ဆက်သွယ်ပေးပို့ခြင်း၊

(၅) နိုင်ငံတကာသွား ပင်လယ်ကူးသင်္ဘောများ ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား၊ လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြုပစ္စည်းကိရိယာများနှင့်ဝန်ဆောင်မှုများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခြင်း၊

(၆) သူတစ်ဦးဦးကို သေစေခြင်း၊ အပြင်းအထန် ဒဏ်ရာရရှိစေခြင်း၊ အခြေခံ အဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခြင်း ဖြစ်ပေါ်စေနိုင်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယို သတ္တုကြွပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွ ပစ္စည်းများဖြင့် သင်္ဘောကို ထိခိုက်ပျက်စီးစေခြင်း၊ ထိုပစ္စည်းများကို သင်္ဘောပေါ်နှင့် ဆိပ်ကမ်းများတွင်အသုံးပြုခြင်းသို့မဟုတ် သင်္ဘောပေါ်မှ စွန့်ပစ်ခြင်း၊ ပစ်ချခြင်း သို့မဟုတ် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဘေးအန္တရာယ် ဖြစ်စေသောပစ္စည်းများ၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများကို သင်္ဘောပေါ်မှ စွန့်ပစ်ခြင်း၊ပစ်ချခြင်း။

(ခ) ပုဒ်မခွဲ (က)ပါ အကြမ်းဖက်မှုကျူးလွန်ရာတွင် အသုံးပြုသော သင်္ဘောနှင့် ရေယာဉ်များအား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် လိုအပ်သော အရေးယူခြင်းများပြုနိုင်သည်။

(ဂ) မိမိဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် တာဝန်တိုးမြှင့်ပေးမှုကို အထောက်အကူပြုစေရန် လိုအပ်သော လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရမည်။

၂၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်-

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သင်္ဘောများ၊ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြု ပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား ကာကွယ်ရေး၊ အကူအညီ တောင်းခံရေး၊ တားဆီးနှိမ်နင်းရေးနှင့်တိုက်ဖျက်ရေးတို့အတွက် နိုးနိုးကြားကြား သတိရှိစေရန် လုံခြုံရေးအဆင့်သတ်မှတ်ချက်များနှင့် အညီ လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ နိုင်ငံများနှင့် ပူးပေါင်းညှိနှိုင်း၍ သတင်းအချက်အလက်များ ပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာ သင်္ဘောပိုင်ရှင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်းမှ တာဝန်ရှိသူများအား ညွှန်ကြားရမည်။

၂၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍-

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကမ်းပါးနယ်နှင့် ကုန်းမြေမှ စီးဆင်းသော အညစ်အကြေးများ၊ ပင်လယ်ကြမ်းပြင်တွင် ဖြစ်ပေါ်သော အညစ်အကြေးများနှင့်တစ်နည်းနည်းဖြင့် စွန့်ပစ်ပစ္စည်းများ မရှိစေရေးနှင့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု မရှိစေရေးအတွက်လည်းကောင်း၊ သင်္ဘောများ၊ ရေယာဉ်များ၊ ဆိပ်ကမ်းတံတားများနှင့် ရေပေါ်ရေအောက် သယံဇာတရှာဖွေရေးစင်နှင့် အဆောက်အအုံများမှ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ၊ အဆိပ်သင့် ပစ္စည်းများ၊ အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် စွန့်ပစ်ပစ္စည်းများကို ရေထုအတွင်း ပစ်ချခြင်း၊ စွန့်ထုတ်ခြင်းမပြုလုပ်ရေးတို့အတွက်လည်းကောင်း စီမံချက်များ ချမှတ်၍ ကာကွယ်တားဆီးမှုများ ပြုလုပ်ထားရှိရမည်။

(ခ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သွားလာနေသော ရေနံတင်၊ ဆီတင်သင်္ဘော၊ ရေယာဉ်၊ ဆီတွဲတို့မှလည်းကောင်း၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှလည်းကောင်း၊ သင်္ဘောတိုက်ခိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှ လည်းကောင်း ဆီယိုဖိတ်မှုများ မဖြစ်ပွားစေရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ ဖြန့်ဖြူးခြင်း၊ ကြိုတင်ကာကွယ်တားဆီးမှုများ ပြုလုပ်ခြင်းနှင့် ဆီယိုဖိတ်မှုများ ဖြစ်ပေါ်လာပါက ရေထုညစ်ညမ်းမှု မရှိစေရေး၊ ရှင်းလင်းဖယ်ရှားရေးနှင့် သန့်စင်ရေးတို့အတွက် ကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ခြင်းပြုရမည်။ ထိုသို့ ပြုလုပ်ရာ၌ ကုန်ကျစရိတ်ကို ပြန်လည်တောင်းခံနိုင်သည်။

၂၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိနှင့်မိမိ၏ လက်အောက်ခံဌာနသို့ ဖြစ်စေ၊ အခြားအဖွဲ့အစည်းနှင့် ဆိပ်ကမ်းတံတားတစ်ခုခုသို့ ဖြစ်စေ ကုန်စည် ခေတ္တအပ်နှံခြင်းနှင့်စပ်လျဉ်း၍-

(က) ကုန်စည်ခေတ္တအပ်နှံသူက ညွှန်ပြသည့်အတိုင်း ထိုကုန်စည်ကိုလက်ခံသူအား ပေးအပ်ခြင်းသို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ခေတ္တအပ်နှံသည့် ကုန်စည်၏ အလေးချိန်၊ ပမာဏ၊ တန်ဖိုးနှင့် တူညီသော မိမိ၏ ကုန်စည်ကဲ့သို့ သဘောထားပြီး အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ဂ) ကုန်စည်ခေတ္တအပ်သူနှင့် ဤကိစ္စအလို့ငှာ သီးခြားသဘောတူညီချက် မရှိလျှင် ပုဒ်မခွဲ(ခ)ပါ တာဝန်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ပါလျက် မိမိအား ခေတ္တအပ်နှံထားသောပစ္စည်းမှာ ပျောက်ဆုံးခြင်း၊ပျက်စီးယိုယွင်းခြင်း သို့မဟုတ် ယုတ်လျော့ခြင်းဖြစ်သည့်အတွက် မိမိတွင် တာဝန်မရှိစေရ။

(ဃ) ကုန်စည်ခေတ္တအပ်နှံသူနှင့် သဘောတူညီထားသည့်အတိုင်း ကုန်စည်ကို သင့်လျော်သော အချိန်အတွင်း အပ်နှံခြင်း သို့မဟုတ် လက်ခံခြင်းပြုရန် ပျက်ကွက်ပြီး ထိုအပ်နှံသည့်ကာလအတွင်း ကုန်စည်မှာ ပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း၊ သို့မဟုတ် ယုတ်လျော့ခြင်းဖြစ်သည့်အတွက် ကုန်စည်ခေတ္တအပ်နှံသူတွင်သာ တာဝန်ရှိပြီး မိမိတွင် တာဝန်မရှိစေရ။

(င) အပ်နှံထားသော ကုန်စည်များကို စတင်လက်ခံထိန်းသိမ်းသည့်နေ့မှ နှစ်လကျော်လျှင် အဆိုပါကုန်စည်များကိုလေလံတင်ရောင်းချနိုင်သည်။

၂၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်ကုန်စည်ပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း ယုတ်လျော့ခြင်း၊ မှားယွင်းစွာ ကုန်ထုတ်ပေးခြင်း၊ ကုန်စည်အား တားဆီးထားခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အကြောင်းအရာ တစ်ရပ်ရပ်ဖြစ်ပေါ်ပါက တာဝန်မရှိစေရ-

(က) မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း၊

(ခ) စစ်မက်ဖြစ်ပွားခြင်း၊ အဓိကရုဏ်း၊ လူထုအုံကြွမှု၊ ဆန္ဒပြမှု သို့မဟုတ် တားဆီးပိတ်ပင်မှုဖြစ်ပွားခြင်း၊

(ဂ) ကုန်စည်တင်ပို့သူ၊ ကုန်စည်လက်ခံသူ၊ ကုန်စည်အပ်နှံသူ သို့မဟုတ် ထိုသူတို့၏ကိုယ်စားလှယ်သို့မဟုတ် ဝန်ထမ်း၏ ပြုမူဆောင်ရွက်ချက်ကြောင့် ဖြစ်ပွားခြင်းသို့မဟုတ် ထိုသူတို့၏ မှားယွင်းစွာဆောင်ရွက်ခြင်း၊

(ဃ) သိသာထင်ရှားစွာ မြင်သာခြင်းမရှိသော ချို့ယွင်းမှု၊ သဘာဝအလျောက်ယိုယွင်းပျက်စီးမှု စသည်တို့ကြောင့် ဖြစ်ပေါ်သော အလေးချိန် သို့မဟုတ် ကုန်စည်လျော့နည်းကွာဟမှု၊ လေလွင့်ဆုံးရှုံးမှုဖြစ်ပေါ်ခြင်း၊

(င) အမြင်အားဖြင့် ပျက်စီးခြင်းမရှိသော ကုန်စည်အတွင်းရှိ ကုန်စည်၏ ချွတ်ယွင်းမှုဖြစ်ပေါ်ခြင်း၊

(စ) ကုန်စည်အပ်နှံသူက ပျက်စီးယိုယွင်းတတ်သော သို့မဟုတ် ယုတ်လျော့နိုင်သော ပစ္စည်းဖြစ်ကြောင်း ထုတ်ဖော်မပြောခြင်း၊

(ဆ) ကောင်းမွန်လုံလောက်စွာ ထုပ်ပိုးထားခြင်းမရှိသော သို့မဟုတ် ချွတ်ယွင်းနေသော ကုန်စည်များ၊ အထုပ်အပိုးများဖြစ်ခြင်း သို့မဟုတ် ကုန်သေတ္တာ၏ ယိုယွင်းမှု၊ ယိုစိမ့်မှုဖြစ်ခြင်း၊

၂၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များအပြင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပွင့်လင်းပြီး ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့် ဝန်ကြီးဌာနက လွှဲအပ်တာဝန်ပေးအပ်ချက်တို့အရ-

(က) မိမိက စီမံခန့်ခွဲသော ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့အား ငှားရမ်းသည့် သဘောတူစာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ခ) ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြားသဘောတူစာချုပ်ချုပ်ဆို၍ တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်၊ တည်ဆောက်ပိုင်ဆိုင်လုပ်ကိုင် လွှဲပြောင်းစနစ်၊ တည်ဆောက်လွှဲပြောင်းစနစ်၊ တည်ဆောက်ပိုင်ဆိုင်လုပ်ကိုင်စနစ်၊ တည်ဆောက်ငှားရမ်း လွှဲပြောင်းစနစ်၊ ပုံစံထုတ်တည်ဆောက်ငွေကြေးထောက်ပံ့လုပ်ကိုင်စနစ်၊ ပုံစံထုတ် ဆောက်လုပ် စီမံငွေကြေးထောက်ပံ့စနစ်စသည့် နှစ်ဖက်သဘောတူစနစ်တစ်ခုခုဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(ဂ) မိမိက စီမံခန့်ခွဲသော အစိုးရပိုင် ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့အား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် အစိုးရနှင့် ပုဂ္ဂလိကတို့ အစုစပ်လုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်းပြုနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

ပေါက်မြို့နယ် ပလောင်းရွာအနီး မစမ်းချောင်းနှင့် နွားလန်တက်ချောင်း တံတားတည်ဆောက်

ပေါက် မတ် ၅

မိုးကာလ တောင်ကျရေကြီးခြင်းနှင့် ရွှံ့နွံများတင်ကျန်နေခြင်းများကြောင့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်ခရီးသည်များ ညအိပ်စောင့်ရသည်အထိ နှောင့်နှေးနေရသော ပခုက္ကူခရိုင် ပေါက်မြို့နယ် ပလောင်းရွာအနီးရှိ မစမ်းချောင်းနှင့်နွားလန်တက်ချောင်းတို့ကို ယခုအခါ တံတားများ တည်ဆောက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းကြီးအဖွဲ့-၃ တာဝန်ရှိသူ အင်ဂျင်နီယာထံမှ သိရသည်။

အဆိုပါ တံတား နှစ်စင်းသည် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ် ပြည်ထောင်စုကားလမ်း မိုင်တိုင် ၅၅/၂မှ ၅၅/၃ ကြား မစမ်းချောင်းနှင့် မိုင်တိုင် ၅၅/၇မှ ၅၆/၀ ကြား နွားလန်တက်ချောင်းတို့၌ အထူးစီမံကိန်းကြီးအဖွဲ့-၃၊ အင်ဂျင်နီယာမှူးကြီး ဦးကျော်လင်း၊ AEဦးစောဇာနည်လှ၊ SAE ဦးသန့်ဇင်သွင်နှင့် အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မစမ်းချောင်းတံတားသည် အခန်းဖွင့် ဖွဲ့စည်းပုံ ပေ၄၀ရှိ အခန်းနှစ်ခန်း၊ အရှည်ပေ ၈၀ရှိပြီး နွားလန်တက်တံတားသည် ပေ၅၀ရှိသော အခန်းနှစ်ခန်းပါ အရှည်ပေ ၁၀၀ရှိသည်။ အဆိုပါတံတား နှစ်စင်းကို လူသွားလမ်း တစ်ဖက်လျှင်အကျယ် နှစ်ပေ ခြောက်လက်မစီနှင့် ယာဉ်သွားလမ်း ၂၄ပေနှင့် အားလုံးပေါင်းအကျယ် ၂၉ ပေရှိပြီးတံတားအုတ်မြစ်လေးပေ Dia Spun Pipeနှင့်သံကူကွန်ကရစ်တံတားများဖြစ်ကြသည်။ တံတားခံနိုင်ဝန် ယာဉ် တစ်စီးချင်း တန် ၆၀ ရှိပြီး ၂၀၁၃ အောက်တိုဘာ ၁၀ ရက်မှ စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လအကုန်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်သည်အထိ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီတံတားနှစ်စင်းက ယောနယ်နှင့်ချင်းပြည်နယ်ဒေသခံများအတွက် ပေါက်-ပခုက္ကူ-မန္တလေးမြို့များသို့ သွားလာရာ အဓိကကားလမ်းတစ်ခုပါ။ ဒီတံတားတွေဆောက်ပြီးရင် ပညာရေး၊ ကျန်းမာရေး၊ သီးနှံရောင်းဝယ်ရေးကအစ ဒေသဖွံ့ဖြိုးရေး ပို၍ အဆင်ပြေမှာပါ"ဟုဒေသခံ ပလောင်းရွာမှ ဦးဇော်မင်းက ဝမ်းသာစွာပြောသည်။ ပေါက်မြို့နယ်တွင် ယောချောင်း၌ အုန်းတောနှင့်ရေပြာတံတားများတည်ဆောက်လျက်ရှိပြီး ကမ္ဘားဖြူကားလမ်းဟောင်း၌ရှုခွလေးတံတားကို တည်ဆောက်လျက် ရှိကြောင်း သိရသည်။

ဖိုးသားလေး(ယောမြေ)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပျဉ်းမနားမြို့ ဆင်ဖြူတောင်ဘုရားအာရုံခံတန်ဆောင်း လှူဒါန်းတည်ဆောက်ရန် သြဝါဒခံယူ

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အရှေ့ဘက်ရှိ သမိုင်းဝင်ဆင်ဖြူတောင် ကောဇာဂုံမြတ်စွာဘုရားရုပ်ပွားတော် တန်ဆောင်းကြီးအား လာမည့် ဧပြီ ၇ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် ဆင်ဖြူတောင် ဘုရားပွဲတော်ကြီးအမီ တည်ဆောက်လှူဒါန်းရန် ဆင်ဖြူတောင် ဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲကို မတ် ၃ ရက် နံနက် ၉ နာရီက ရုပ်ပွားတော်ကြီးတည်ရှိရာ ဝဲကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သြဝါဒခံယူပွဲသို့ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်၊ အလှူရှင် ဦးကိုကိုပိုနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း၊ သမိုင်းဝင် ဆင်ဖြူတောင် အရှေ့ဘက်ရှိ ပလ္လင်အပါ ညာဏ်တော်ပေ ၂၀ ရှိ ကောဇာဂုံမြတ်စွာဘုရားရုပ်ပွားတော်အား ရသေ့ကြီး ဦးခန္တိက တည်ထားကိုးကွယ်ခဲ့ရာ ယခုအခါ ယင်းရုပ်ပွားတော်ကြီးမှာ အမိုးအကာမဲ့ဖြစ်နေသဖြင့် အာရုံခံ တန်ဆောင်းကြီးကို တည်ထားကိုးကွယ်မည်ဖြစ်ကြောင်း၊ အဆိုပါ အာရုံခံ တန်ဆောင်းကြီးမှာ ၅၄ ပေပတ်လည် အကျယ်အဝန်း၊ အမြင့် ၃၆ပေ၊ (၁၈×၁၈) ပေပတ်လည် အခန်း ကိုးခန်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(ဇော်မျိုးနိုင်)

ငါးနှစ်အောက်ကလေး ဗီတာမင်အခမဲ့ကျွေး

နွားထိုးကြီးမြို့ပေါ် ရှစ်ရပ်ကွက်မှ ငါးနှစ်အောက်ကလေး ၂၀၀ ကျော်ကို နွားထိုးကြီးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အခမဲ့ ဗီတာမင်အေ ဆေးလုံးများတိုက်ကျွေးခဲ့သည်။

ခြောက်လတစ်ကြိမ် ဆေးတိုက်ကျွေးခြင်းဖြစ်ပြီး ကလေးငယ်များနှင့် ကိုယ်ခံစွမ်းအားမြင့်မားရေးအတွက် မိခင်နှင့်ကလေးဌာနက တိုက်ကျွေးခြင်းဖြစ်ကြောင်း မိခင်နှင့်ကလေးဆရာဝန်ဒေါက်တာ ခိုင်ဇင်အေးက ပြောသည်။

နွားထိုးကြီးမြို့နယ်တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအတွက် ဆရာဝန် တစ်ဦး၊ ကျန်းမာရေး ဆရာဝန်တစ်ဦး၊ သားဖွားဆရာမသုံးဦးနှင့်အတူ ရှစ်ရပ်ကွက်နှင့် မြို့ပေါ်ကျောင်းများရှိ မိခင်နှင့်ကလေးများကို စောင့်ရှောက်မှုပေးနေကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များ ဂျပန်သို့ သွားရောက်လေ့လာ

ရန်ကုန် မတ် ၅

ဂျပန်နိုင်ငံ၏အစိုးရအသိအမှတ်ပြုဖြစ်သော ဂျပန်နိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (Organization to Promote Japanese Restaurant Abroad) JRO ၏ ဖိတ်ကြားထားချက်အရ ဂျပန်နိုင်ငံမြို့တော် တိုကျိုရှိ လူကြိုက်အများဆုံးဖြစ်သော နာမည်ကြီးစားသောက်ဆိုင်များမှ အစားအသောက်များနှင့်ဆိုင်သော ကိစ္စရပ်များအား နှစ်ပတ်ကြာသွားရောက် လေ့လာခဲ့ကြသည့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA) မှ အဖွဲ့ဝင် ၁၃ ဦးသည် မတ် ၁ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က ANA ဂျပန်လေကြောင်းလိုင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ ဂျပန်နိုင်ငံရှိနာမည်ကြီးစားသောက်ဆိုင်များမှ အစားအသောက်များနှင့်ဆိုင်သော ကိစ္စရပ်များအား လေ့လာခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA) မှ ဒုတိယဥက္ကဋ္ဌ ဦးနေလင်းက "ဂျပန်နိုင်ငံတိုကျိုမြို့မှာရှိတဲ့ နာမည်ကြီးစားသောက်ဆိုင်တွေရဲ့ မီးဖိုချောင်လေ့လာရေးအတွက်ကို ဂျပန်က ဖိတ်လိုက်တာပါ။ ကျွန်တော်တို့အသင်းက သန့်ရှင်းသေသပ်မှုနှင့်ချက်ပြုတ်နည်းစနစ်များကို လေ့လာပါတယ်။ နောက်ပြီးဂျပန်နိုင်ငံက မီးဖိုချောင်သုံးပစ္စည်း Suppler များနဲ့လည်း တွေ့ဆုံခဲ့ပါသေးတယ်။ သူတို့နိုင်ငံက နာမည်ကြီးဆိုင်ပိုင်ရှင်တွေနဲ့ တွေ့ခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံက အများပြည်သူတွေအတွက် နိုင်ငံတကာအဆင့်မီ အစားအသောက်များ ကြိုက်နှစ်သက်စေရေးအတွက် မြန်မာနိုင်ငံမှာ သူတို့ရဲ့ဆိုင်ခွဲတွေ ဖွင့်ဖို့လည်းဖိတ်ခေါ်ဆွေးနွေးခဲ့ပါတယ်။ အဓိကကျွန်တော်တို့ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA)က ဒီလိုသွားရောက်လေ့လာခဲ့ခြင်းအားဖြင့် လိုက်ပါကြတဲ့သူတွေအတွက် အကျိုးရှိနိုင်မယ်။ကျွန်တော်တို့ မြန်မာနိုင်ငံက စားသောက်ဆိုင်တွေအပါအဝင် အခြားသူတွေကိုလည်း မျှဝေပေးလို့ရမှာပါ" ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ရှင်းပြခဲ့သည်။

စိုးဝင်း(SP)

နွေရာသီပန်းချီသင်တန်းသားနှင့် ပန်းချီသင်တန်းသားခေါ်ယူခြင်း

၁။ **သင်တန်းဖွင့်မည့်နေရာ**
(က) အနုပညာအထက်တန်းကျောင်း၊ ရန်ကုန်မြို့။
(ခ) အနုပညာအထက်တန်းကျောင်း၊ မန္တလေးမြို့။
၂။ **အသက်** — အသက်(၅)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။
၃။ **သင်တန်းသားခေါ်ယူခြင်း** — ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ရက်မှ မတ် ၉ရက်အထိ
၄။ **သင်တန်းစတင်ဖွင့်မည့်ရက်** — ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်
၅။ **သင်တန်းကာလ** — ရက်သတ္တပတ် လေးပတ်
၆။ **တက်ရောက်လိုသောသင်တန်း** (က) ပန်းချီ (အဆို/အက)
(ခ) ပန်းချီ
(အခြေခံအဆင့်သင်တန်းတက်ရောက်ပြီးသူများ တန်းမြင့်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။)
(တန်းမြင့်သင်တန်းပြီးဆုံးပါက သင်ရိုးကုန်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။)
၇။ **သင်တန်းချိန်** — နံနက် ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ
၈။ **သင်တန်းကြေး** — ၁၅၀၀၀/-ကျပ်
၉။ **လျှောက်လွှာ** — သင်တန်းတက်ရောက်လိုသူများသည် သင်တန်းလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ကျောင်းများတွင် ရယူလျှောက်ထားနိုင်ပါသည်-
(က) အနုပညာအထက်တန်းကျောင်း(ရန်ကုန်) အမှတ် ၁၃၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
(ခ) အနုပညာအထက်တန်းကျောင်း(မန္တလေး) ၆၆ လမ်း၊ ၁၄×၁၅လမ်းကြား၊ မန္တလေး။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ မြေကွက်အမှတ် ၄၈၁ ပေါ်ရှိ ပေ ၂၀× ပေ ၆၀ မြေကွက်ပေါ်ရှိ နှစ်ထပ်၊ ပျဉ်ထောင်၊ သွပ်မိုးနေအိမ်ကို လက်ရှိပိုင်ရှင် ဦးမိုးကျော်အောင် ၁၂/ဥကတ(နိုင်) ၁၂၆၀၂၀ ထံမှ ဒေါက်တာဝင်းပပခင် ၈/ရနခ(နိုင်)၀၇၁၇၆၀မှ ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါဝင်သည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါက်တာဝင်းပပခင်
၈/ရနခ(နိုင်)၀၇၁၇၆၀
အမှတ် ၆၁(အေ)၊ ရေကူးရွာမတောင်ပိုင်း၊
(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ် ၂၇၊ မြေကွက်တည်နေရာအမှတ် ၂၇၊ လယ်ယာ ၁ လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးအောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင် ၁၂/ဗတထ(နိုင်)၀၁၈၈၀၉က ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် ဂရန်မိတ္တူ၊ ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/၃ အဆင့်မြင့်၊ မြေကွက်အမှတ် ၄၀၃/၄၀၄ မြေကွက်အား မြေကွက်ဖိုးငွေပေးသွင်း၍ မြေချပါမစ်ချထားပေးရန် ဗိုလ်ကြီးသောင်းရွှေ (ငြိမ်း) ၁၂/မရက(နိုင်)၀၀၅၉၈၇ က လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ချထားပေးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ (င/စက်မှု)ရပ်ကွက်၊ မြေကွက်အမှတ် ၁၉၈နှင့်ချောင်းရိုးအကြား ဆက်စပ်မြေပိုဇရိယာ ၀ဒသမ ၀၈၄ဧကမြေကွက်အား ဦးခင်မောင်မြင့် ၁၂/ဥကမ(နိုင်)၀၈၉၃၁၅သို့ မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၀၂/ခ၊ မြေကွက်တည်နေရာအမှတ် ၃၀၂/ခ၊ သူရ ၄ လမ်း၊ (၉)ရပ်ကွက်၊ တ/ဥ ဦးညွန့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညွန့် (လူပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ကိတ္တိမမွေးစားစာချုပ် ၁၇၄၅(၂၇-၄-၂၀၀၁)ဖြင့် ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၅၁၃၅၀၊ မအိအိစံ ၁၂/ဥကတ(နိုင်)၁၃၀၁၈၈က ကိတ္တိမမွေးစားသားနှင့် သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၃၉၂၊ မြေကွက်တည်နေရာအမှတ် ၃၉၂၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက် ဦးထွန်းတင် CG-၀၃၃၈၃၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးထွန်းတင်ကွယ်လွန်သဖြင့် ဒေါ်ခင်မြရွှေ ၁၂/သဃက(နိုင်)၀၂၁၈၅၀ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၃၄၁/ခ၊ မြေကွက်တည်နေရာအမှတ်(၃၄၁/ခ)၊ မိဂသီ ၁၇လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ကြည်နုအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်နုနှင့် ခင်ပွန်း ဦးအောင်စိန်ကွယ်လွန်သဖြင့် ဦးပါ ၁၂/ဥကတ(နိုင်)၁၁၁၆၅၇၊ ဒေါ်ခင်မာလာ ၁၂/ဥကတ(နိုင်)၀၄၉၄၉၇၊ ဦးကိုလေး ၁၂/သဃက(နိုင်)၀၁၄၀၇၉၊ ဦးဝင်းနိုင် ၁၂/သဃက(နိုင်)၀၁၄၁၂၉ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကလေးဝမြို့ မဟာမြိုင်တောကြီးအတွင်း ၁၀၈ တောင် စေတီတော်တည်ထား

ကလေးဝ မတ် ၅

မဟာမြိုင်တောသည် မြိုင်အမည်ပါသော စုံနံ့သာမြိုင်၊ မဲဇာမြိုင်၊ မြိုင်ကြီးဝိုင်း၊ အင်ကြင်းမြိုင်၊ မဟာမြိုင် သစ်တောကြီးများ၏ အလယ်တွင် တည်ရှိခြင်းကြောင့် မဟာမြိုင်ချက်မကြီးဟု ဒေသခံများက သုံးနှုန်းကာ အမည်တပ်ခဲ့ကြသည်။ မဟာမြိုင်တောသည် ကလေးဝမြို့နယ်တွင်တည်ရှိပြီး မြန်မာပြည်၏ အနောက်ဘက် တောင်တန်းဒေသတွင် ပါဝင်သည်။ မြောက်လတ္တီကျု ၂၂ ဒီဂရီ ၅၀ မိနစ်နှင့် ၂၃ ဒီဂရီ ၃၇ မိနစ်ကြားတွင် တည်ရှိသည်။

ဧရိယာအကျယ်အဝန်းမှာ ၃၈၂ ဒသမ ဝ၃ စတုရန်းမိုင် ကျယ်ဝန်းကြောင်း သိရသည်။ ယခုအခါ အဆိုပါ မဟာမြိုင်သစ်တောကြီးဝိုင်းအတွင်း ဆရာတော် ဦးပညာဇောတ (သဲဖြူဆရာတော်)မှ ဦးစီး၍ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားစွာဖြင့် အများပြည်သူများ ကိုးကွယ်ပူဇော်နိုင်ရန်အောင်စည်တီးကာ အောင်ပွဲရ ၁၀၈ တောင်အမြင့်ဆောင် သာသနာထွတ်ခေါင် လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီးကို အများပြည်သူများ ကိုးကွယ်ပူဇော်နိုင်ရန်အလို့ငှာ ၁၃၇၁ ခုနှစ် တန်ခူးလပြည့်နေ့တွင် မဟာမြိုင် တောကြီးအလယ် ဒီပါအေးမြကုန်းတော်ပေါ်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့ပြီး တည်ထားလျက်ရှိရာ ရုပ်လုံးပေါ်အောင်မြင်လာတော့မည်ဖြစ်ကြောင်း သိရသည်။

စေတီတော်ကြီးတည်ထားရာနေရာသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဆရာတော်များနှင့် ရဟန်းသံဃာတော်များ သီတင်းသုံးနေထိုင်နိုင်ရန်အတွက် သာသနိကအဆောက်အအုံများ၊ သိမ်ကျောင်းဆောင်ကြီး တစ်ဆောင်နှင့် ဓမ္မာရုံကြီး တစ်ဆောင်၊ ဗိဿနိုးမယ်တော် (ပန်ထွာဘုရင်မကြီး)နတ်နန်းဆောင်၊ အာရုံခံတန်ဆောင်းများနှင့် ဝိပဿနာတရားကျင့် အမျိုးသား၊ အမျိုးသမီးယောဂီဆောင်များလည်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခင်ကလည်း ဗုဒ္ဓဘာသာ ဝိပဿနာတရားများ ကျင့်ကြံအားထုတ်ကာ တရားအစစ်ရရှိရေး (ပြင်သစ်၊ နယ်သာလန်၊ အင်္ဂလန်၊ ဂျာမနီ) နိုင်ငံများမှ လာရောက်ပြီး တရားထိုင် ကျင့်ကြံနေသွားဖူးကြောင်း သိရသည်။

သျှင်နေမင်း

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

ငပုတော မတ် ၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားနှင့် ပန်းရန် သင်တန်းဖွင့်ပွဲကို မတ် ၂ ရက် နံနက် ၉ နာရီက ငပုတောမြို့နယ် ကျောက်ပုံကျေးရွာ အမက ၅ ကျင်းပသည်။

သင်တန်းသို့ ကျေးရွာရှိ လူငယ်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ သင်တန်းသား ၆၀ တက်ရောက်ပြီး သင်တန်းကာလမှာ ၂၀ ရက် ကြာမြင့်မည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြောင်းမြခရိုင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိနှင့် သင်တန်းမှူး၊ သင်တန်းနည်းပြများ၊ ကျေးရွာ အထောက်အကူပြု ကော်မတီများ၊ သင်တန်းသားများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် လူမှုဘဝများ မြင့်တက်လာတော့မည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မြို့သာ-ချောင်းခွ-ဥမှင်- ဒွေးလှ လမ်းပေါ်ရှိ ချောင်းပတ်ကျေးရွာအနီး သစ်သားတံတားတည်ဆောက်

တံတားဦး မတ် ၅

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မြို့သာ-ချောင်းခွ-ဥမှင်-ဒွေးလှကျေးရွာများသို့ ဆက်သွယ်ထားသောကျေးရွာချင်းဆက် လမ်းပေါ်တွင် တည်ဆောက်ထားသည့် ချောင်းပတ်ကျေးရွာအနီး သစ်သားတံတားကို တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောက်လုပ်ကြောင်းသိရသည်။

သစ်သားတံတား တည်ဆောက်နေမှုကို မြင်တွေ့ရစဉ်။

အဆိုပါ တံတားသည် ပေ ၂၁၀ ရှည်လျားပြီး ယာဉ်သွားလမ်းအကျယ် ၁၄ ပေ ကျယ်ဝန်းကြောင်း တံတားသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောက်လုပ်၍ ယခုအခါ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နည်းပညာအကူအညီပေးပြီး ကြီးကြပ်ဆောင်ရွက်ကာ ပြည့်ဖြိုးလွင် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ပေးသည့်အတွက် အထူးပင် ဝမ်းသာပီတိဖြစ်မိပါကြောင်း၊ ကျေးလက်တောရွာများတွင် စိုက်ပျိုးရေးထွက်ကုန်များ၊ ကျေးရွာသူ ကျေးရွာသားများ၏ လူမှုရေး၊ ကျန်းမာရေးအတွက် လျင်မြန်စွာသွားလာနိုင်ကာ အချိန်တိုအတွင်း ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် ဝမ်းသာမိပါကြောင်း ခရီးသွားပြည်သူတစ်ဦးက ပြောပြသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်ပြည်လုံးအတွက် ရန်ပုံငွေများ ချထားဆောင်ရွက်လျက်ရှိသည်။

(၄၀၉)

သတင်းတိုများ

နွေရာသီကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာ ခုနစ်ရက်တရားစခန်းဖွင့်လှစ်

နွေရာသီကျောင်းပိတ်ရက်များတွင် မိဘများ၏ ရင်သွေးငယ်များအား မြတ်ဗုဒ္ဓ၏ တရားတော်များဖြင့် ယဉ်ကျေးလိမ္မာစွာ ဝိပဿနာတရားတော်များ ရှုမှတ်ပွားများအား ထုတ်နိုင်ရန် ရည်မှန်း၍ မွန်ပြည်နယ် ရေးမြို့ အမှတ်(၁)အခြေခံပညာ မူလတန်းလွန်ကျောင်း၌ မတ် ၃ ရက်မှ ၁၀ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါတရားစခန်းသို့ မြို့ပေါ်ရပ်ကွက် စာသင်ကျောင်းများမှ မူလတန်း၊ အလယ်တန်းရှိ ကျောင်းသား ကျောင်းသူယောဂီ ၄၀၀ ခန့် တက်ရောက်ကြသည်။ တရားစခန်းကို ဦးစီးပဓာနနာယက ဆရာတော် (သဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တတိလောက၊ ဥက္ကဋ္ဌ ပြည်နယ်သံဃနာယကအဖွဲ့(မဟာဒွါရ) ကြီးမှူးပြီး ဆရာတော်၊ သံဃာတော်များနှင့် မြို့နယ်ရှိ သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပြီး စေတနာအလှူရှင်များကလည်း နေ့စဉ်အာဟာရများ ကျွေးမွေးလှူဒါန်းသည့်အပြင် လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

GSM ဖုန်းအသုံးပြုသူများပြားလာ

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မတ် ၃ ရက် နံနက် ၉ နာရီက လစဉ်မဲစနစ်ဖြင့် ဆောင်ရွက်ပေးသော တန်ဖိုးနည်း GSM ဖုန်းကတ်များ ထုတ်ပေးလျက်ရှိပြီး ယခုလအတွင်း အရေအတွက် ၂၀၀ ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် GSM ဖုန်းသုံးစွဲသူပြည်သူများ တိုးတက်များပြားလာပြီး ဟန်းဆက်များ ရောင်းအားတိုးတက်လာကြောင်း သိရသည်။

(မြို့နယ်ခွဲ ပြန်/ဆက်)

ဘိုးဘွားရိပ်သာဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် မဟာပုညရံသီဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်းရှိ ဓမ္မာရုံ၌ မတ် ၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ်၏ ပထမဆုံးဘိုးဘွားရိပ်သာဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်က အမှာစကားပြောကြားပြီး မြို့မိမြို့ဖ၊ မြို့နယ်ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးသန်းထိုက်နှင့် သုဇနကာရီသီလရှင်ကျောင်းတိုက် ဆရာလေး ဒေါ်ကုသလညာဏီတို့က ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးနှင့် ဆောင်ရွက်သွားမည့်အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြသည်။ အဆိုပါ ဘိုးဘွားရိပ်သာကို အောင်ဆန်းရပ်ကွက်၊ ညောင်ပင်သာ(၃)လမ်းရှိ သုဇနကာရီသီလရှင်ကျောင်းတိုက်ဝင်းအတွင်းတွင် အလှူရှင်များ၏လှူဒါန်းမှုအစုစုဖြင့် ၂၀၁၄ ခုနှစ်မကုန်မီ အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ရိပ်သာကြီးပြီးစီးပါက ဘိုးဘွားများ တရားဓမ္မအားထုတ်နိုင်ရန်နှင့် အေးချမ်းစွာအပန်းဖြေအနားယူနိုင်စေရန် အမြန်ဆုံး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
သတ္တုဗေဒသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာန (အေလာ)
အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတ္တုဗေဒသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဌာန (အေလာ) တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

စဉ် ရာထူး (လစာနှုန်း)	ပညာအရည်အချင်း
(က) သုတေသနလက်ထောက်(၂) (၇၉၀၀၀ိ-၁၀၀၀ိ-၈၄၀၀၀ိ)	M.E(Metallur gy), B.E(Metallur gy) B.E(Electronics), B.E(Electrical Power)
(ခ) ဓာတ်ခွဲကျွမ်းကျင်(၂) (၇၉၀၀၀ိ-၁၀၀၀ိ-၈၄၀၀၀ိ)	M.Sc(Chemistry)
(ဂ) ဓာတ်ခွဲကျွမ်းကျင်(၄) (၆၇၀၀၀ိ-၁၀၀၀ိ-၇၂၀၀၀ိ)	A.G.T.I(Mining)

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများပူးတွဲ၍ ၃၀-၃-၂၀၁၄ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Master ဘွဲ့ရများသည် ၃၀-၃-၂၀၁၄ ရက်တွင် အသက်(၂၈)နှစ်ထက်မကြီးသူ ဖြစ်ရမည်။ Bachelor ဘွဲ့ရများနှင့် Diploma အောင်လက်မှတ်ရရှိသူများသည် ၃၀-၃-၂၀၁၄ ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဂ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(င) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းဆေးထောက်ခံစာ။
(စ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ။
(ဆ) ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

၃။ သုတေသနလက်ထောက်(၂)နှင့် ဓာတ်ခွဲကျွမ်းကျင်(၂)ရာထူးများအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်ပါမည်။ ဓာတ်ခွဲကျွမ်းကျင်(၄)ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းသာ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၄၄၅၅၊ ၄၀၄၀၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန
အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာ သုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

စဉ် ရာထူး(လစာနှုန်း)	ပညာအရည်အချင်း
(က) စက်မှုကျွမ်းကျင်(၂) (၇၉၀၀၀ိ-၁၀၀၀ိ-၈၄၀၀၀ိ)	M.Sc (Chemisty), B.E(Electrical Power), B.E (Mechanical),B.E (Metallur gy), B.E (Chemical)
(ခ) စက်မှုကျွမ်းကျင်(၃) (၇၃၀၀၀ိ-၁၀၀၀ိ-၇၈၀၀၀ိ)	B.Tech (Civil), B.V.Sc, B.A gr.Sc
(ဂ) စက်မှုကျွမ်းကျင်(၄) (၆၇၀၀၀ိ-၁၀၀၀ိ-၇၂၀၀၀ိ)	A.G.T.I (Computer Numerical Control)

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများပူးတွဲ၍ ၃၀-၃-၂၀၁၄ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Master ဘွဲ့ရများသည် ၃၀-၃-၂၀၁၄ရက်တွင် အသက်(၂၈)နှစ်ထက် မကြီးသူ ဖြစ်ရမည်။ Bachelor ဘွဲ့ရများနှင့် Diploma အောင်လက်မှတ်ရရှိသူများသည် ၃၀-၃-၂၀၁၄ ရက်တွင် အသက် ၂၅နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဂ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(င) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(စ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ။
(ဆ) ခြောက်လအတွင်း ပြုလုပ်ထားသောအလုပ်သမားမှတ်ပုံတင်မိတ္တူ

၃။ စက်မှုကျွမ်းကျင်(၂)နှင့် စက်မှုကျွမ်းကျင်(၃)ရာထူးများအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပါမည်။ စက်မှုကျွမ်းကျင်(၄)ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းသာ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၃၃-၃၁၅၄၃၊ ၀၆၇-၄၀၄၀၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အောင်မြေသာရပ်ကွက်၊ ဦးပိုင်အမှတ် (က)၊ မြေကွက်အမှတ် က-၅၊ ဧရိယာ ပေ၁၀၀×ပေ၈၀ မြေကွက်သည် ဦးလှငြိမ်း YNG-၀၃၈၉၄၉ အမည်ဖြင့် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နှစ်၃၀ဂရန်ကိုရရှိခဲ့ပြီး ညောင်ဦးမြို့မှ မကွေးမြို့သို့ ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားခဲ့၍ မြေငှားဂရန်မိတ္တူမှန်ထပ်မံထုတ်ပေးနိုင်ရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့် ယခုကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ဦးလှငြိမ်း YNG-၀၃၈၉၄၉**

အမှတ် က-၅၊ ညောင်ဦးကျောက်ပန်းတောင်းလမ်း၊ အောင်မြေသာရပ်ကွက်၊ ညောင်ဦးမြို့
ဖုန်း-၀၉-၄၄၈၅၃၆၉၇၁

အသေးစားလက်မှုလုပ်ငန်းမှသည် အကြီးစားစက်မှုလုပ်ငန်းများသို့

အိမ်တွင်းစီးပွားရေးဖွံ့ဖြိုးမှသာ ဆင်းရဲမှု လျှော့ချနိုင်မည်ဖြစ်...

နိုင်ငံတော်မှ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက်ဆောင်ရွက်နေချိန်၌ မြို့နယ်၊ ကျေးလက်ဒေသများတွင်လည်း လက်မှုပညာများအပြင် စက်မှုပညာရပ်များပါ ခေတ်မီစက်ကိရိယာများကို အသုံးပြုလျက်အိမ်တွင်းအသေးစားစက်မှုလုပ်ငန်းများ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ဆောင်ရွက်လာကြသည်။

ယခင်ကဆောက်လုပ်ရေးလုပ်ငန်းများတွင် သစ်၊ ဝါး၊ သံများဖြင့် အဓိကထားအသုံးများခဲ့သော်လည်း ယခုအခါ ပရိဘောဂများနှင့်သံပန်းအလှဆင်လုပ်ငန်းများတွင် ခေတ်မီသံချောင်းများ အသုံးပြုလာပြီဖြစ်သည်။

လျှပ်စစ်ကို အဓိကအားထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပြီး သစ်ဈေးများ မြင့်တက်လာခြင်း၊ ကုန်ကျစရိတ်သက်သာစေခြင်း၊ ခိုင်ခံ့မှုရှိခြင်း၊ လုပ်ငန်းပြီးစီးမှုမြန်ဆန်စေခြင်းများကြောင့် လူသုံးများလာခြင်းဖြစ်ကြောင်း၊ သံဖြင့်ပြုလုပ်ထားခြင်းဖြစ်၍ ရေထိတွေ့မှုနည်းမှသာ ပိုမိုခိုင်မာသည့်အတွက် ဆေးသုတ်သည့်လုပ်ငန်းများပါ ဆက်စပ်လုပ်ကိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင်သစ်အစားထိုး အသုံးပြုခြင်းဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ကာကွယ်ရာရောက်ပြီး လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ပြီးပါက ဒေသအလိုက် အိမ်တွင်းအသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

လုပ်ငန်းတိုးတက်မှုအရ ဒေသခံများပါ အလုပ်အကိုင်အခွင့်အလမ်းများ အလွယ်တကူရရှိလာနိုင်၍ လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ယခုအခါ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက အိမ်ထောင်စုတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ၏အခြေအနေ၊ ဝင်ငွေရရှိမှုနှင့် စက်မှုဇုန်များ၏ မြင့်မားတိုးတက်မှုများကို စဉ်ဆက်မပြတ်လေ့လာနိုင်ရန် ရည်ရွယ်၍ စစ်တမ်းများ ကောက်ယူခြင်း၊ ပုဂ္ဂလိက စက်မှုကဏ္ဍတိုးမြှင့်ရေးအတွက် စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်နိုင်ရေး၊ နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဈေးကွက်စီးပွားရေးနှင့်အညီ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေး၊ ပြည်ပနိုင်ငံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာပေါင်းစည်းရေးအဖွဲ့အစည်းများဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် လုပ်ငန်းရှင်များဘက်မှ မိမိတို့၏လုပ်ငန်းများနှင့်ပတ်သက်၍ အားနည်းချက် အားသာချက်များကို မခြွင်းမချန် အမှန်အတိုင်း တင်ပြမှုရှိမှသာ တိုးတက်ဖွံ့ဖြိုးမှု၏ အခြေအနေအရပ်ရပ်ကိုသုံးသပ်ကူညီပံ့ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ **လင်းလက်ကြယ်(တောင်သာ)**

ဖယ်ခုံမြို့၌ ကလေးများအတွက် ယဉ်ကျေးမှုသင်တန်းဖွင့်

ဖယ်ခုံ မတ် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားကျောင်းသူလူငယ်များ ယဉ်ကျေးလိမ္မာပြီး အသိပညာဗဟုသုတတိုးပွားစေရန် သံသရာလမ်းညွှန် အဘိဓမ္မာအခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက်က မြို့ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနား၌ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဦးကေသရမှ ဩဝါဒမိန့်ကြားပြီး ရွှေကျောင်း ဆရာတော် ဦးဉာဏိန္ဒက သင်တန်းသားများစုံညီစွာ တက်ရောက်ရေး တိုက်တွန်းဟောပြောခဲ့သည်။ ဆက်လက်၍ သံသရာလမ်းညွှန် အဘိဓမ္မာသင်တန်းမှူး ဆရာမဒေါ်ငွေရည်ဦးက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သင်တန်းဖွင့်လှစ်မည့် အစီအစဉ်များကို လျှောက်ထားခဲ့ကြောင်း သိရှိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းမှူး ဒေါ်ငွေရည်ဦးနှင့် သင်တန်းသူသင်တန်းသားများက မြို့ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၅၀ အတွက် အဝတ်အထည် ပီနံအိတ် ၄၂ အိတ်၊ ငွေကျပ် ၄၇၈၀၀၀ တန်ဖိုးရှိ သင်တန်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို မြို့ဦးကျောင်းဆရာတော် ဦးတိသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံ ရေစက်သွန်းချလှူဒါန်းပေးခဲ့ကြသည်။

ယင်းသင်တန်းကို မတ် ၁ ရက်မှ ၈ရက်အထိ မြို့ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် သင်ကြားမည်ဖြစ်၍ မြို့ပေါ် ရပ်ကွက်များမှ စိတ်ပါဝင်စားသော ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ တက်ရောက်လေ့လာသင်ကြားနိုင်ကြောင်း သိရှိရသည်။

ကိုထွေး(ဖယ်ခုံ)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး

ကွမ်းလုံ မတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ကွမ်းလုံမြို့တွင် ပြည်ထောင်စုလွှတ်တော်ခွင့်ပြုရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေတို့ဖြင့် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေးနှင့် ကျေးလက်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးဆောင်ရွက်လျက်ရှိရာ တာပေါင်းကျေးရွာအုပ်စု (ကော်ကိုက်ထန်-လော်လိုက်ကျိုင်း-မြီရှန်း) ကျေးရွာချင်းဆက်မြေသားလမ်းနှင့် (ကော်ကိုက်ထန်-ဟန်မူလင့်) ကျေးရွာချင်းဆက်မြေသားလမ်းများ ဖောက်လုပ်နေမှုကိုမြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းဆွေနှင့်အဖွဲ့က လုပ်ငန်းအရည်အသွေးကောင်းမွန်စေရေး၊ စံချိန်စံညွှန်းနှင့်အညီ အချိန်မီလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြစ်သားမြို့နယ်ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ပေး

မြစ်သား မတ် ၅

မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာနိုင်ရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မြစ်သားမြို့နယ်လမ်းပိုင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ဒါးရဲကောင်း-ဝွေး-မြောင်းဘောင်လမ်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို မြစ်သားမြို့နယ်ကျေးလက်ဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ ဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်းအဖြစ် ကျေးလက်ဦးစီးဌာန၏ရန်ပုံငွေမှ(၁၁၅ ဒသမ ၃၅)သန်း အကုန်အကျခံကာ Kinetic Art ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

"ခရိုင်ချင်းဆက်လမ်း ပြုပြင်တဲ့အတွက် လွန်ကျော်၊ ရွာခိုင်ကြီး၊ မသဲ၊ စမြောင်၊ နတ်မှော်၊ မုန္တောကြီး ကျေးရွာပြည်သူတွေ သွားလာရေးပိုအဆင်ပြေသွားမှာပါ။ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ပေးတဲ့အတွက် ဒါးရဲကောင်း၊ ဝွေး၊ သစ်တက္ကန်းကျေးရွာတွေက ကျေးရွာပြည်သူ ၁၀၀၀၀ ဝန်းကျင်လောက်ရဲ့ ဘဝတွေတိုးတက်လာမှာပါ" ဟု မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးအေးဝင်းတင်ကပြောကြားသည်။

ထွန်းထွန်းနိုင် (ကျောက်ဆည်)

လေလံမဲစနစ်ဖြင့် ရောင်းချရန်ကြော်ငြာ

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လမ်းအသုံးပြုခကောက်ခံသည့်ဂိတ် ၁၀ ခုနှင့် တံတားအသုံးပြုခကောက်ခံသည့်ဂိတ် လေးခုတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ၁-၄-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် အောက်ပါအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က)	**လေလံတင်ရောင်းချမည့်လမ်းဂိတ်များ**		**ကြမ်းခင်းဈေး (ကျပ်-သိန်း)**
(၁)	ခါးသျှိဂိတ်	(လားရှိုးမြို့)	၂၄၄.၀၆
(၂)	သီပေါဂိတ်	(သီပေါမြို့)	၂၁၃.၄၁
(၃)	မန်စံဂိတ်	(နမ္မတူမြို့)	၁၀၀.၀၀
(၄)	မိုးမိတ်ဂိတ်	(မိုးမိတ်မြို့)	၃၇.၄၇
(၅)	မိုးမိတ်(ဂေါက်ကလပ်)ဂိတ်	(မိုးမိတ်မြို့)	၂၂.၈၇
(၆)	နောင်ချို(တောင်ခမ်း)ဂိတ်	(နောင်ချိုမြို့)	၁၅၄.၀၀
(၇)	ဘော်တွင်းဂိတ်	(မန်တုံမြို့)	၁၁.၀၂
(၈)	ဟိုယဂိတ်	(မိုင်းရယ်မြို့)	၆၈.၁၃
(၉)	လောက်ကိုင်ဂိတ်	(လောက်ကိုင်မြို့)	၁၂၀.၀၀
(၁၀)	တုန်ခန်ဂိတ်	(မူဆယ်မြို့)	၁၀၀.၀၀
(ခ)	**လေလံတင်ရောင်းချမည့် တံတားဂိတ်များ**		
(၁၁)	ရွှေလီ(နမ့်ခမ်း)တံတားဂိတ်	(နမ့်ခမ်းမြို့)	၄၀.၀၀
(၁၂)	မိုးတေတံတားဂိတ်	(သီပေါမြို့)	၂၁.၄၁
(၁၃)	နမ့်တိန်တံတားဂိတ်	(ဟိုပန်မြို့)	၅၈.၀၀
(၁၄)	နမ့်ပေါင်တံတားဂိတ်	(လားရှိုးမြို့)	၅၉.၂၆

(ဂ) **လေလံဝင်ခွင့်လျှောက်လွှာထုတ်ယူရမည့်ရက်နှင့်နေရာ**
၁၀-၃-၂၀၁၃ ရက် (တနင်္လာနေ့) ၀၉:၃၀ နာရီ
တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးမြို့

(ဃ) **လေလံလျှောက်လွှာတင်သွင်းခြင်းနှင့် ပိတ်သိမ်းမည့်ရက်နှင့်အချိန်**
၁၇-၃-၂၀၁၄ ရက် (တနင်္လာနေ့) ၁၂:၀၀နာရီ

(င) **လေလံပွဲကျင်းပမည့်ရက်နှင့်အချိန်**
၁၈-၃-၂၀၁၄ ရက် (အင်္ဂါနေ့) ၀၉:၃၀နာရီ

(စ) **လေလံပွဲကျင်းပမည့်နေရာ**
တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးမြို့

၂။ ဂိတ်တစ်ခုချင်းအလိုက် စိတ်ပါဝင်စားကြေးပေးသွင်းရမည်ဖြစ်ပြီး ပေးသွင်းရမည့် စိတ်ပါဝင်စားကြေး၊ လုပ်ကိုင်ခွင့်လိုင်စင်ရောင်းချခြင်း လုပ်ကိုင်ခွင့်ရရှိပါက လိုက်နာရမည့် စည်းကမ်းချက်များနှင့် သိရှိလိုသော အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-
အင်ဂျင်နီယာမှူးကြီးရုံး ဖုန်း-၀၈၂-၂၃၈၇၄၊ ၂၅၆၄၇
အင်ဂျင်နီယာမှူးကြီး ဖုန်း-၀၈၂-၂၅၂၂၆
ဦးစီးအရာရှိ(စီမံ) ဖုန်း-၀၉-၅၀၄၈၆၅၁၊ ၀၉-၄၄၅၁၀၈၃၈၁

လမ်း/တံတားလေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့
ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနလက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမလေးလ (၂၀၁၄ ခုနှစ် ဧပြီလမှ ဇူလိုင်လ)အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၃-၂၀၁၄
တင်ဒါပိတ်မည့်ရက် - ၁၇-၃-၂၀၁၄
တင်ဒါပိတ်မည့်အချိန် - ၁၆:၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း (၁/၂၀၁၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ထမံသီစီမံကိန်းစခန်း (ဟင်နောင်စခန်းခွဲနှင့် ပဒေါင်စခန်းခွဲ)ရှိ ဒီဇယ်ဆီ ၃၄၄၈၃ ဂါလန်ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၃-၂၀၁၄ ရက်မှ ၁၇-၃-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်
- ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ဓနိတော၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့)၊ ထမံသီစခန်း

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊အချိန်နှင့်နေရာ** - ၁၉-၃-၂၀၁၄ ရက်၊ ၁၁:၀၀ နာရီ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၉-၃-၂၀၁၄ ရက်၊ ၁၃:၀၀ နာရီ

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဘ၏သား တောင်ကြီးမြို့၊ မြို့မရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ နယ်မြေ (၆)၊ မြသုခရပ်ရှင်ရုံဝင်းနေ ဦးတင်မောင် (ခ) ဦးမောင်ခင်(ခ)ဦးခင် ၁၃/တကန(နိုင်) ၀၆၆၀၈၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မိဘအမည်မှန်

တောင်ကြီးမြို့၊ အမက (၈)၊ စတုတ္ထတန်း(က)မှ မနန်းဆီနွန်း၏ မိဘအမည်မှန်မှာ ဦးမြင့်အောင် ၁၃/တကန(နိုင်) ၀၄၇၉၈၇ နှင့် ဒေါ်နန်းရင်(ခ)ဒေါ်အီလှိုင် ၁၃/တကန(နိုင်)၀၄၇၉၈၈ ဖြစ်ပါကြောင်း။

